# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြို ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့၊ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 4 June 2024 ၁၁၄၇၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

### ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာ ကျောင်းသား ကျောင်းသူ ၁၀၀၇၆၉၅ ဦး အေးချမ်းပျော်ရွှင်စွာဖြင့် စတင်ပညာသင်ကြား

စာမျက်နှာ » ၅



### ကလေးများ ကျောင်းတက်တာဟာ အနာဂတ်နိုင်ငံတော် ထွန်းတောက်စေဖို့ပါ

ဆောင်းပါး စာမျက်နှာ » ၁၀

### ကလေးတွေကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့ သင်ကြားသင်ယူမှု လုပ်ငန်းစဉ်တွေကို ကျောင်းမဖွင့်ခင် ကတည်းက စီစဉ်ဆောင်ရွက်ထားရှိ

တွေ့ဆုံမေးမြန်း

စာမျက်နှာ » ၁၃



ပြည်ထောင်စုနယ်မြေ နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားရန်လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

# နေပြည်တော်ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**☆ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းအသီးသီး၌ အထက်တန်းအဆင့်၌ ၃၁၁၀၄ ဦး၊ အလယ်တန်းအဆင့်၌ ၅၆၇၆၆ ဦးနှင့် မူလတန်းအဆင့်၌ ၁၃၅၄၈၀ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၃၃၅၀ တက်ရောက်ပညာသင်ကြားလျက်ရှိ**

နေပြည်တော် ဇွန် ၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယနေ့တွင် စတင်ဖွင့်လှစ်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ အတန်းအလိုက်ပြဋ္ဌာန်းထားသည့် ဘာသာရပ်များကို သင်ကြားလျက်ရှိသည်။

**စီစဉ်ဆောင်ရွက်ပေး**

နံနက်ပိုင်းမှစတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိသက်ဆိုင်ရာကျောင်းအသီးသီး၌ တာဝန်ကျ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ တက်ရောက်မည့် စာသင်ခန်းနေရာများသို့ လမ်းညွှန်ပြသပေးခြင်းနှင့် စနစ်တကျ ပညာသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

ကြေးမုံ

# လူမှုစီးပွားပျက်ပြားအောင်ပြုလုပ်သူအရေးယူ

ယနေ့ကာလတွင် နိုင်ငံအတွင်း၌ လူမှုစီးပွားတည်ငြိမ်မှုကို ပျက်ပြားစေမည့် ရွှေနှင့် ငွေကြေးဈေးကွက် ကမောက်ကမဖြစ်စေသည့် သတင်းစကားများကြောင့် ရောင်းဝယ်ဖောက်ကားမှုဈေးကွက်များတွင် ဈေးနှုန်းများ အဆမတန်မြင့်တက်ခဲ့ပြီး အကျိုးဆက်ကို ပြည်သူများ ခံစားကြရသည်။ အရောင်းအဝယ်ဈေးကွက်ကို တန်ဖိုးဖြတ်သည့် ရွှေနှင့် နိုင်ငံခြားငွေဈေးနှုန်း ကမောက်ကမဖြစ်စေရန် ဖန်တီးခဲ့ကြသည့် ဝိသမလောဘသားများကို နိုင်ငံတော်က ပြည်သူများအကျိုးစီးပွားကိုရှေးရှုပြီး ဖော်ထုတ်တားဆီးနိုင်ခဲ့သည်။

ပြီးခဲ့သည့်မေလတတိယပတ်က ရွှေနှင့်အမေရိကန်ဒေါ်လာ အရောင်းအဝယ်ဈေးကွက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ်သိန်း ၅၀ ဝန်းကျင်ခန့်ရှိရာမှ မေလကုန်တွင် ကျပ် ၅၆ သိန်းကျော်အထိ မြင့်တက်သွားပြီး နိုင်ငံခြားငွေကြေးဈေးကွက်တွင်လည်း အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၄၀၀၀ ဝန်းကျင်ရှိရာမှ မေလကုန်တွင် တစ်ဒေါ်လာလျှင် ကျပ် ၄၆၀၀ ကျော်ခန့်အထိ မြင့်တက်သွားခဲ့သည်။ ထိုသို့ ရွှေနှင့် အမေရိကန်ဒေါ်လာဈေးနှုန်းများ ရက်သတ္တပတ်အတွင်း အဆမတန်မြင့်တက်သွားခဲ့ခြင်းသည် ရွှေနှင့် နိုင်ငံခြားငွေလိုအပ်ချက် မြင့်မားလာသည်ကို အကြောင်းပြု၍ ရွှေနှင့် နိုင်ငံခြားငွေကြေးကို အဓိကကိုင်တွယ်လုပ်ကိုင်နေသော စီးပွားရေးသမားများ၏ ဈေးကစားမှုကြောင့်ဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်နေချိန်၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်နေချိန်တွင် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ တည်ငြိမ်လည်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေရန်အတွက် ရွှေနှင့် နိုင်ငံခြားငွေကြေးဈေးကွက် ကမောက်ကမဖြစ်အောင်ပြုလုပ်သည့် ဝိသမလောဘသားများကို ဖော်ထုတ်အရေးယူရမည်သာဖြစ်သည်။

ထိုသို့ အရေးယူဆောင်ရွက်လိုက်ခြင်းကြောင့် ယခုရက်ပိုင်းအတွင်း ရွှေနှင့် နိုင်ငံခြားငွေကြေးဈေးနှုန်းများ ပြန်လည်ကျဆင်းသွားသည်ကို တွေ့ရသည်။ ရွှေနှင့် နိုင်ငံခြားငွေကြေးဈေးနှုန်းများ အဆမတန်မြင့်မားလာခြင်းသည် မြန်မာကျပ်ငွေ တန်ဖိုးကို ကျဆင်းစေပြီး ပြည်တွင်း၌ ငွေကြေးဖောင်းပွမှုများ ဖြစ်ပေါ်လာနိုင်သည်။ ကျပ်ငွေတန်ဖိုးကျဆင်းခြင်းသည် ရွှေနှင့် နိုင်ငံခြားငွေအဝင်/အထွက် မမှန်မကန် မညီမျှမှုကြောင့်ဖြစ်သည်။ ရွှေနှင့် နိုင်ငံခြားငွေကြေးအထွက်များပြီး အဝင်စီးဆင်းမှုနည်းခြင်းသည် ပြည်သူများ၏ လိုအင်မြင့်မားလာမှုကြောင့်ဆိုသည်ထက် ရွှေဈေး၊ ဒေါ်လာဈေးမြင့်မားလာအောင် ဆွဲတင်ချင်သည့် စီးပွားရေးသမားများ၏ မတော်လောဘများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

တိုင်းပြည်စီးပွားရေး မတည်မငြိမ်ဖြစ်အောင်၊ လူမှုစီးပွားဘဝပျက်ပြားအောင် ပြည်ပမှ ဖိအားအမျိုးမျိုး၊ နှောင့်ယှက်မှုအဖုံဖုံပြုလုပ်နေချိန်တွင် ပြည်တွင်းမှ မသမာသူဝိသမလောဘသားများက ၎င်းတို့အခွင့်အရေးကို စောင့်ကြည့်ပြီး ငွေကြေးမတည်ငြိမ်အောင်၊ လူမှုစီးပွားဘဝတွင် ကမောက်ကမဖြစ်အောင် ပြုလုပ်မှုများသည် တိုင်းပြည်ကိုပျက်စီးအောင် တစ်ဖက်က ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းဖြစ်သည်။ ပြီးခဲ့သည့်ရက်ပိုင်းက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် နိုင်ငံခြားငွေများကို တရားမဝင်ရောင်းဝယ်၍ ငွေကြေးဈေးကွက်ကစားနေသူများအား နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေများအပြင် အများပြည်သူအကျိုးစီးပွားကို ထိခိုက်အောင်ပြုလုပ်ခြင်းနှင့်ပတ်သက်သည့် ရာဇသတ်ကြီးဥပဒေပုဒ်မများဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယခုတစ်ဖန် အများပြည်သူအကျိုးစီးပွားကို ပျက်ပြားအောင်ပြုလုပ်သည့် ရွှေလုပ်ငန်းရှင်အချို့နှင့် ပါဝင်ပတ်သက်သူအချို့ကို ဖော်ထုတ်အရေးယူလိုက်ပြီဖြစ်သည်။

ပြီးခဲ့သည့်ရက်က ပြည်တွင်း၌ ရွှေဈေးနှုန်း မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်လျက်ရှိသည့် တရားမဝင် ရွှေအရောင်းအဝယ်ပြုလုပ်နေသော ပွဲစားများအပါအဝင် တရားခံများကို ဖော်ထုတ်အရေးယူစစ်ဆေးခဲ့ရာ ၎င်းတို့၏ ထွက်ဆိုချက်များအရ ပြည်တွင်းရွှေဈေးကွက်အတွင်း ဈေးနှုန်းမတည်မငြိမ်ဖြစ်အောင် နောက်ကွယ်မှ ထိန်းချုပ်ဆောင်ရွက်ခဲ့သည့် နာမည်ကြီး ရွှေဆိုင်ပိုင်ရှင်၊ ရွှေလုပ်ငန်းရှင်နှင့် ပွဲစားများကို ဥပဒေနှင့်အညီ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက ခေါ်ယူစစ်ဆေးနိုင်ရေး ဆောင်ရွက်ခဲ့ရာ အစစ်ဆေးမခံဘဲ ထွက်ပြေးတိမ်းရှောင်နေသည်။ ယင်းကို ကြည့်ခြင်းဖြင့် ၎င်းတို့၏ မတော်လောဘ မမှန်မကန်လုပ်ရပ်များကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။

သို့ဖြစ်ရာ ပြည်သူများ၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေး၊ ရွှေနှင့် ငွေကြေးတန်ဖိုးများ တည်ငြိမ်မှန်ကန်စေရေးတို့ကို ပျက်ပြားအောင်ပြုလုပ်သည့် မသမာသူဝိသမလောဘသားများကို ထိရောက်စွာ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိပြီး ရွှေနှင့် နိုင်ငံခြားငွေကြေး တရားမဝင်ဆက်လက်ပြုလုပ်နေသူများနှင့် ထွက်ပြေးတိမ်းရှောင်နေသူများကို မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများအား လျှို့ဝှက်စွာ သတင်းပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးနိုင်ပါရန် လေးနက်စွာမေတ္တာရပ်ခံအပ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

MONREC UN environment



" သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး "

" Land restoration, desertification and drought resilience "

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "အများပြည်သူပိုင် စာသင်ကျောင်းတွေကိုပါ အာဏာသုံးလုယူလာကြတဲ့ အကြမ်းဖက်သောင်းကျန်းသူများ" ခေါင်းစဉ်ဖြင့် ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ဦးနှောက်အာဟာရပြည့်ဝဖို့ စာပေကဏ္ဍမြှင့်တင်စို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁၇၆၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၉ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၃-၆-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၆-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၆-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၁,၇၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၆၉)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၆ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၂၃၈ | ၂,၁၄၂,၀၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၅၀ | ၁,၇၆၀ | ၅,၄၆၀,၁၀၀ |
| MCB | ၈,၂၀၀ | ၈,၁၀၀ | ၁၀၃ | ၈၄၄,၅၀၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၇၇၆ | ၁,၂၈၂,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၆၆ | ၁၇၈,၂၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၈၇၁ | ၁,၅၀၃,၈၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၄ | ၁၈,၈၀၀ |
| MAEX | ၂,၄၀၀ | ၂,၄၀၀ | ၁,၀၉၆ | ၂,၆၅၅,၆၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၂၇) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဇွန် ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ ဇွန် ၅ ရက်မှ ၈ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပပြုလုပ်မည့် (၂၇) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးချုပ်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ အရာရှိကြီးများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဆောင်သော ပုဂ္ဂလိကအသင်းအဖွဲ့များမှ လုပ်ငန်းရှင်များလိုက်ပါသွားကြသည်။

### ပို့ဆောင်နှုတ်ဆက်

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၃

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးဦးစိုးကြည်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကျဆင်းစေပြီး နိုင်ငံ၏အုပ်ချုပ်ရေးယန္တရား၊ စီးပွားရေးလုပ်ငန်းများ အပါအဝင် ဘက်ပေါင်းစုံကို ယိုယွင်းပျက်စီးစေနိုင်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအများစုတွင်သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ကျင့်သုံးလျက်ရှိသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊ ကျောသားရင်သားမခွဲခြားဘဲ မျှတစွာ ဆောင်ရွက်ရန်၊ စိတ်ကောင်းစေတနာ ကောင်းထားရှိရန်နှင့် မိမိတာဝန် မိမိကျေပွန်စွာ ထမ်းဆောင်ကြရန်၊ အဂတိလိုက်စားမှုကို ရှောင်ကြဉ်ကြရန်လိုကြောင်း။

မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း ဝန်ကြီးဌာနအဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit– CPU)ကို ဖွဲ့စည်းပြီး အဂတိလိုက်စားမှုလျှော့နည်း ပပျောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အသိအမြင်ဗဟုသုတများကို မိမိပတ်ဝန်းကျင်နှင့် မိမိအဖွဲ့အစည်းသို့ တစ်ဆင့် ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြရန်တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွေးက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေဆိုင်ရာများကို လည်းကောင်း၊ ပိုင်ဆိုင်မှုကြေညာလွှာစိစစ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က အဂတိလိုက်စားမှု၏ သဘောသဘာဝများကိုလည်းကောင်း၊ တားဆီးကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို လည်းကောင်း၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသော်သော်နိုင်က စုံစမ်းစစ်ဆေးရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းနှင့်အဖွဲ့သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဥပဒေဆိုင်ရာ အသိပညာမြှင့်တင်ရေး သင်တန်းဖွင့်လှစ်

ရမည်းသင်း ဇွန် ၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ရွှေလုပ်ငန်းရှင်များအသင်းနှင့် အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့က ကြီးမှူးကျင်းပသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဥပဒေဆိုင်ရာ အသိပညာမြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို ဇွန် ၂ ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သင်းရတနာခန်းမ၌ ကျင်းပခဲ့သည်။



### ရှင်းလင်းပြောကြား

အဆိုပါသင်တန်းဖွင့်ပွဲတွင် ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းဇော်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ဥပဒေဆိုင်ရာများကို လည်းကောင်း၊ တိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းနာယက ဦးတင်မောင်က အိမ်ခြံမြေရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ် မြေစာရင်းဦးစီးမှူး ဦးမျိုးမြင့်ဦးက လယ်ယာမြေနှင့် မြေလွတ်မြေရိုင်း ဥပဒေကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေစုထွန်းက စည်ပင်သာယာနယ်နိမိတ်ရှိ အိမ်ခြံမြေဥပဒေကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ သင်တန်းသား သင်တန်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

### တက်ရောက်

အဆိုပါ သင်တန်းသို့ မြို့နယ်ရွှေ လုပ်ငန်းရှင်အသင်းမှ သင်တန်းသားသင်တန်းသူ ၁၅၀၊ မြို့နယ်အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သင်တန်းသား သင်တန်းသူ ၂၃ ဦး၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ၅၂ ဦး စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်မှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ဥတ္တရသီရိမြို့နယ် အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ တစ်ဦးချင်းစီ၏ ကောင်းမွန်သောရည်ရွယ်ချက်၊ ရည်မှန်းချက်များ ရှိကြမည်ဖြစ်ကြောင်း၊ ထိုရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် စာသင်နှစ်စကတည်းက ပညာကို ကြိုးစားသင်ယူကြစေလိုပါကြောင်း၊ စာတတ်အောင် သင်ကြား၊ သင်ယူရုံသာမက လိမ္မာရေးခြားရှိအောင်၊ စည်းကမ်းရှိအောင်၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိအောင်၊ ယဉ်ကျေးလိမ္မာပြီး မိမိတို့ယဉ်ကျေးမှုဓလေ့ကို မြတ်နိုးတန်ဖိုးထားတတ်သူဖြစ်အောင်၊ နိုင်ငံတော်က အားထားရသည့် လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြရန် ပြောကြားသည်။

ထို့နောက် စာသင်ခန်း၊ စာသင်ဆောင်များ၊ ကျောင်းစိုက်ခင်းများ၊ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ယနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ စတင်ဖွင့်လှစ်ကြပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ အေးချမ်းစွာပညာသင်ကြား၊ သင်ယူလျက်ရှိကြောင်း၊ ကျောင်းအပ်နှံမှုအနေဖြင့်လည်း မေ ၂၃ ရက်မှ ယနေ့ကျောင်းစတင်ဖွင့်လှစ်သည့် ဇွန် ၃ ရက်အထိ ကျောင်းသား ကျောင်းသူ ၆၅၃၆၇၁၃ ဦး လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

☆ ရှေ့ဖုံးမှ

ထိုသို့ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းတက်ရောက်နိုင်ရေးအတွက် ပညာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာ ကျောင်းများမှ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်မှုများ အနေဖြင့် စာသင်ခန်းအတွင်း၌ စာသင်ခုံများ စနစ်တကျနေရာချထားခြင်း၊ ဘာသာရပ်အလိုက် စာသင်ချိန်ဇယားများ စနစ်တကျ စီမံထားခြင်း၊ ကျောင်းတက်၊ ကျောင်းဆင်း အချိန်စာရင်းများ အသိပေး ကြေညာထားခြင်း၊ ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက်လည်း ကျောင်းဥပဓိရုပ် ကောင်းမွန်စေရန်နှင့် ကျောင်းဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားခြင်း၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် အသိပေးကြေညာချက်များ၊ စည်းကမ်း သတ်မှတ်ချက်များနှင့် ဆောင်ပုဒ်များ စိုက်ထူထားခြင်းနှင့် ကျောင်းကြို ပို့ယာဉ်များ စီစဉ်ထားခြင်းတို့ကို စီမံဆောင်ရွက်ထားကြသည်။

**စုစုပေါင်း ၂၅၉၇ ဦးရှိ**

ယနေ့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ပညာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ မူဝါဒအရ မေ ၂၃ ရက်ကနေ ဇွန် ၂ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ထားပါတယ်။ ဒီနေ့အထိ ကျောင်းအပ်လက်ခံ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၉၇ ဦး ရှိပြီဖြစ်ပါတယ်။ ပညာရေးစနစ်သစ်ဖြစ်တဲ့ KG+12 က ကလေးတွေကို ဗလငါးတန်နဲ့ ပြည့်စုံအောင် သင်ကြားနည်းဖြစ်ပါတယ်။ ကျောင်းစာအပြင် ဘက်စုံပူးပေါင်းပြီး ပညာသင်ကြားရေးစနစ်ဖြစ်တဲ့အတွက် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်မယ်ဆိုရင် အားသာချက်တွေ အများကြီးရှိပါ



ဦးဝင်းမြင့်ဦး

တယ်။ အခြေခံပညာကျောင်းများမှာ အခမဲ့ကျောင်းထားရတာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူကိုယ်တိုင်က ကြိုးစားမယ်ဆိုရင် ထူးချွန်ထက်မြက်တဲ့ ကျောင်းသား ကျောင်းသူတွေ ဖြစ်လာမှာဖြစ်ပါတယ်။ ကျွန်တော့်ကျောင်းမှာဆိုရင် လူရည်ချွန်မောင်မယ် နှစ်တိုင်းထွက်ပါတယ်။ လာမယ့်နှစ်အတွက် လူရည်ချွန်မောင်မယ်တွေကို လေ့ကျင့်ရေးတွေ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတော်အကြီးအကဲက ပြည်သူပြည်သားအားလုံး စာဖတ်ကြမယ်ဆိုရင် အသိပညာတွေ တိုးတက်လာပြီး အေးချမ်းသာယာတဲ့ ဘဝတွေကို တည်ဆောက်နိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စာကြည့်တိုက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ကျောင်းမှာလည်း စာသင်ချိန်ဇယားမှာ စာဖတ်ချိန် တစ်ချိန်ထည့်သွင်းရေးဆွဲထားပါတယ်။ စာဖတ်ချိန်ကို အတန်းလိုက် တစ်ရက်စီ ဝင်နိုင်ဖို့ ရေးဆွဲသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက "ဒီနှစ်မှာ ထူးခြားချက်တစ်ခု



ဒေါ်သက်သက်သင်း

ကတော့ စာသင်ချိန် ၈ ချိန်မှာ စာဖတ်ချိန် တစ်ချိန်ကိုထည့်သွင်းရေးဆွဲပါတယ်။ ကျွန်မ ကျောင်းမှာ မူလတန်းအတွက် စာကြည့်ခန်း တစ်ခန်းနဲ့အလယ်တန်း၊ အထက်တန်းတွေအတွက် စာကြည့်ခန်း တစ်ခန်းရှိပါတယ်။ စာကြည့်တိုက်နှစ်ဆောင်ဖြစ်တဲ့အတွက် မူလတန်းကျောင်းသား ကျောင်းသူတွေအတွက် လိုက်ဖက်ညီတဲ့ စာအုပ်လေးတွေကို စာဖတ်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ အလယ်တန်းအဆင့်နဲ့ အထက်တန်းအဆင့်ကတော့ သုတရသစာပေတွေအပြင် တခြားဗဟုသုတရစေမယ့် စာအုပ်တွေ ထည့်ပေးထားပါတယ်။ ကျောင်းသင်ခန်းစာတွေအတွက် အထောက်အကူပြုဖြစ်စေမယ့် စာအုပ်၊ သမိုင်းဘာသာရပ်နဲ့ဆက်စပ်တဲ့ အတ္ထုပ္ပတ္တိတွေ၊ ပထဝီဝင်ဘာသာရပ်နဲ့ ဆက်စပ်နေတဲ့ စာအုပ်တွေကိုလည်း ထည့်ပေးထားပါတယ်။ တီထွင်ဖန်တီးမှုတွေကိုဖြစ်လာစေဖို့ သိပ္ပံဘာသာရပ်နဲ့ဆက်စပ်တဲ့ စာအုပ်၊ သင်္ချာဉာဏ်ရည် ဉာဏ်သွေးတွေ တိုးတက်စေဖို့ သင်္ချာဉာဏ်စမ်းစာအုပ် စတဲ့ စာအုပ်တွေကို ထည့်သွင်း စီစဉ်ထားပါတယ်။ စာဖတ်ခြင်း အကျိုးကျေးဇူးက သိပ်ကို ကြီးမားပါတယ်။ အဲဒါကြောင့် အားလုံးကို စာအုပ်စာပေ ဖတ်ရှုစေချင်ပါတယ်။

**စွမ်းရည်တွေ ပိုများလာ**

"KG+12 သင်ရိုးညွှန်းတမ်းကို သင်တဲ့အခါမှာ ကျောင်းသား ကျောင်းသူတွေက ဆရာနဲ့ ကျောင်းသား စာသင်နေတာမျိုး မဟုတ်ဘဲနဲ့ အမေးအဖြေကဏ္ဍတွေ ပါလာပါတယ်။ စာသင်ခန်း တစ်ခုမှာ သင်မယ်ဆိုရင် ကလေးတွေက အဖွဲ့လိုက်၊ အတွဲလိုက် ဆောင်ရွက်ရတဲ့အတွက် ပူးပေါင်းဆောင်ရွက်တတ်တဲ့ စွမ်းရည်တွေ ပိုများလာပါတယ်။ အချင်းချင်း ညှိနှိုင်းဆောင်ရွက်မှု တတ်လာပါတယ်။ သင်ထောက်ကူပစ္စည်းတွေ သုံးရမယ်ဆိုရင် ကိုယ်တိုင်စဉ်းစား၊ ကိုယ်တိုင်စုဆောင်း၊ ကိုယ်တိုင်ပြင်ဆင်ရတဲ့အတွက် တီထွင်ဖန်တီးတတ်တယ်ဆိုတဲ့ ဉာဏ်ရည်တွေ ရလာစေပါတယ်။ သင်ခန်းစာအပေါ်လည်း စိတ်ဝင်စားမှု ပိုများလာတယ်။ သင်ခန်းစာကို လေးလေးနက်နက်တွေးရတာက KG+ 12ရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့အတွက် ပညာရေးရဲ့ အဓိကမဏ္ဍိုင်ဖြစ်တဲ့ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းကို ရရှိစေပါတယ်။ မူလတန်းမှာ ခြောက်နှစ်၊ အလယ်တန်းအဆင့်က လေးနှစ်၊ အထက်တန်းအဆင့် သုံးနှစ်ဆိုတော့ သူတို့သိရမယ့် အခြေခံအသိပညာဗဟုသုတတွေကို ဘာသာရပ်အသီးသီးမှာ အပြည့်အဝရရှိသွားမယ်လို့မြင်ပါတယ်။ ကျောင်းတွေဆိုတာ ကျောင်းသားရှိမှ ပြည့်စုံတာဖြစ်ပါတယ်။ ကျောင်းတက်ဖို့အတွက် သွားရေးလာရေး အခက်အခဲဖြစ်တယ်ဆိုရင် ကျွန်မတို့ကျောင်းက ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံပေးနေပါတယ်" ဟု ပြောသည်။

နိုင်ငံတော်အနေဖြင့်ကျောင်းသား ကျောင်းသူများအား အခမဲ့ပညာရေးစနစ် ဆောင်ရွက်ပေးထားသည့်အတွက် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေး၊ စာကြည့်တိုက်ကြေးများ အပါအဝင် မည်သည့် အခကြေးငွေမှ ကောက်ခံခြင်း မရှိသည့်အပြင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးဗလာစာအုပ်၊ ဖတ်စာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်း အသီးသီး၌ အထက်တန်းအဆင့်တွင် ၃၁၁၀၄ ဦး၊ အလယ်တန်းအဆင့်တွင် ၅၆၇၆၆ ဦးနှင့် မူလတန်းအဆင့်တွင် ၁၃၅၄၈၀ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၂၃၅၀ တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သန့်ဂျိုင်း**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**



ပြည်ထောင်စုနယ်မြေ နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းသား ကျောင်းသူ ၁၀၀၇၆၉၅ ဦး အေးချမ်းပျော်ရွှင်စွာဖြင့် စတင်ပညာသင်ကြား

ရန်ကုန် ဇွန် ၃

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သော ယနေ့၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအခြေခံပညာကျောင်းပေါင်း ၂၇၅၄ ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၁၀၀၇၆၉၅ ဦး အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်သော မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် မူလတန်းကျောင်း ၁၆၈၀၊ အလယ်တန်းကျောင်း ၆၆၅ ကျောင်းနှင့် အထက်တန်းကျောင်း ၄၀၉ ကျောင်းဖြင့် စုစုပေါင်း ၂၇၅၄ ကျောင်းတို့၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံခဲ့ကြပြီး ကျောင်းများ စတင်ဖွင့်လှစ်သည့် ယနေ့တွင် ကျောင်းသား ကျောင်းသူ ၁၀၀၇၆၉၅ ဦး စတင်ပညာသင်ကြားနေခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းဖွင့်ချိန်၌ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်က "ဇွန် ၃ ရက် ကျောင်းဖွင့်ချိန်မှာ စာသင်ကြားနိုင်ဖို့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကူညီပံ့ပိုးမှုနဲ့ ကျောင်းအားလုံးပတ်ဝန်းကျင်နဲ့ ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေး၊ စာသင်ခန်းအလင်းဖွင့်ဆောင်ရွက်ခြင်း၊ စာသင်ခန်းနဲ့ စာသင်ခုံများ သန့်ရှင်းသပ်ရပ်နေအောင်ဆောင်ရွက်ခြင်း စတဲ့လုပ်ငန်းစဉ်တွေမှာ တတ်နိုင်သမျှ ပြည့်စုံအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်" ဟု ပြောသည်။


ဒေါက်တာ ချိုချိုမြတ်အောင်


ဒေါက်တာ ခင်သူစိန်


မောင်မင်းခန့်ညီညီ

ရန်ကုန်မြို့အတွင်းရှိ ကိုလိုနီလက်ထက်ကတည်းက ဆောက်ခဲ့သည့်ကျောင်းများတွင် အထင်ကရတစ်ခုဖြစ်သော ဗိုလ်တထောင် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း (စိန်ပေါအမျိုးသားကျောင်း) တွင် ကျောင်းစတင်ဖွင့်လှစ်သောနေ့၌ ကျောင်းတက်သူ၊ ကျောင်းပို့သူတို့ဖြင့် စည်ကားခဲ့ပြီး ကျောင်းဖွင့်ချိန်၌ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရန် ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဗိုလ်တထောင်ခရိုင် ပညာရေးမှူး ဒေါက်တာခင်သူစိန်က "ဗိုလ်တထောင်ခရိုင်မှာ အခြေခံကျောင်း ၁၃၄ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကိုးကျောင်းနဲ့ ပုဂ္ဂလိကကျောင်း ၁၆ ကျောင်းရှိပါတယ်။ ဇွန် ၂ ရက်အထိ ကျောင်းသားပေါင်း ၅၄၅၀ အပ်နှံထားပါတယ်။ အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူတွေထံက ဘယ်အခကြေးငွေမှ ကောက်ခံခြင်းမပြုဖို့ မြို့နယ်ကျောင်းတွေကို မှာကြားထားပါတယ်။ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်းမှာလည်း ကျောင်းအပ်နှံရေးကို ဆောင်ရွက်နိုင်ခဲ့တဲ့အပြင် ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းသာယာလှပရေးကိုလည်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စည်ပင်သာယာ၊ ကျောင်းအကျိုးတော်ဆောင်တွေနဲ့ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြပါတယ်။ ကျောင်းကိုရောက်လာတဲ့ ကျောင်းသားတိုင်း ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်းကျဆင်းရေးကိုလည်း ကြိုးစားဆောင်ရွက်သွားရမှာပါ။ ကျောင်းအပ်နှံတဲ့နေ့မှာလည်း အထောက်အပံ့ပစ္စည်းတွေ ကျောင်းသားတွေ လက်ဝယ်ရောက်အောင် ဆောင်ရွက်ခဲ့ပါတယ်။ နေရပ်စွန့်ခွာနဲ့ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ရပ်နားခဲ့တဲ့ ကျောင်းသားကျောင်းသူတွေကို ကျောင်းအပ်နှံဖို့ အခွင့်အရေးရရှိအောင် စီစဉ်ဆောင်ရွက်ပေးဖို့ ကျောင်းအုပ်တွေကို ညွှန်ကြားထားပါတယ်။ မနှစ်ကထက် ကျောင်းသားတိုးလာခြင်းဟာ သာတူညီမျှအခွင့်အရေးရရှိပြီး လူမျိုးဘာသာမရွေး ပညာသင်ယူခွင့်ရရှိတဲ့ ပညာရေးမူဝါဒကြောင့် ဖြစ်ပါတယ်။ ကျောင်းနေပျော်ပြီး စာတော်အောင် ဆရာ ဆရာမတွေက ဆက်လက်ကြိုးစားဆောင်ရွက်သွားရမှာပါ"ဟု ပြောသည်။


ဗိုလ်တထောင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသို့ တက်ရောက်လာကြသော ကျောင်းသားများကို တွေ့ရစဉ်။

ကျောင်းတက်ရန်စောင့်မျှော်နေပြီး တိုင်းပြည်ကို အကျိုးပြုသော ကျောင်းသားများအဖြစ် ကြိုးပမ်းသွားကြရန် ဆန္ဒပြုနေသော ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း Grade-11 တွင် စတင်ပညာသင်ကြားနေသည့် မောင်မင်းခန့်ညီညီက "ကျောင်းပိတ်ချိန်မှာ ဂိမ်းဆော့၊ စာဖတ်ရင်း အချိန်ကုန်ခဲ့ပြီး သူငယ်ချင်းတွေကို သတိရခဲ့ပါတယ်။ ဒီနေ့ ကျောင်းဖွင့်ရက်ဟာ အပျော်ဆုံးပါပဲ။ သူငယ်ချင်းတွေ အားလုံးနီးပါး ပြန်တွေ့ရတော့ ဝမ်းသာတယ်။ Grade-10 မှာ ဆရာဆရာမတွေလမ်းညွှန်ပြသမှုနဲ့ ဖြေဆိုနိုင်ခဲ့တာကြောင့် အတန်းတက်ပြီး ပညာသင်ယူရတာကိုလည်း ဂုဏ်ယူပါတယ်။ ဖေဖေ့လို သင်္ဘောသားဖြစ်ချင်တယ်၊ ဒါကြောင့် ကြိုးစားပြီး သင်ယူနေပါတယ်။ မနှစ်က လူရည်ချွန်မဖြေခဲ့ရတာကြောင့် ဒီနှစ်ဖြေဆိုဖို့ ကြိုးစားသွားမှာပါ။ သူငယ်ချင်းတွေကိုလည်း စာကို စိတ်ဝင်တစားသင်ယူပြီး တိုင်းပြည်ကို အကျိုးပြုတဲ့ ကျောင်းသားကောင်းတွေ ဖြစ်ပါစေလို့ အမြဲဆန္ဒပြုနေပါတယ်"ဟု ပြောသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေး ဆောင်ပုဒ်ဖြစ်သော "ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းအပ်နှံမှုကိုလက်ခံခဲ့ကြပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်ဖြစ်သော မျက်မှောက်ကာလဖြစ်သည့် ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ ယနေ့ ကျောင်းများစတင်ဖွင့်ချိန်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားကြလျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး

# လပွတ္တာမြို့နယ်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဆောင်သစ် စတင်ဖွင့်လှစ်

လပွတ္တာ ဇွန် ၃

ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာမြို့နယ် ၃ မိုင်မြို့သစ်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်းကာ ဖွင့်လှစ်ခဲ့ပြီး ကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်များကို လှည့်လည်ကြည့်ရှုခဲ့သည်။ ထို့နောက် ကျောင်းသားကျောင်းသူများကို သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားသည်။

အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ စက်မှု ၄၅ ဦး၊ စိုက်ပျိုးရေး ၁၂ ဦး၊ မွေးမြူရေး နှစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၉ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

မူမူ



# ကျိုက်ထိုမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်

ကျိုက်ထို ဇွန် ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများကို ဇွန် ၃ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ရာ ကျိုက်ထိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။



ကျိုက်ထို မြို့နယ်တွင် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ ကျောင်းအပ်နှံမှုဆောင်ရွက်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၂၇၅၈၈ ဦး လာရောက်အပ်နှံထားကြောင်း သိရသည်။

အဆိုပါကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စာပေမြင့်မှ လူမျိုးတင့်မည်

စာအုပ်စာပေ လူ့မိတ်ဆွေ

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၂)နှင့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၅) ဖွင့်လှစ်





ရန်ကုန် ဇွန် ၃

အရာထမ်းလောင်း (အထူး) သင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) အုန်းတောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က သင်တန်းသား သင်တန်းသူများသည် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်အပါး(၃၀)ကို လိုက်နာကြမှသာ နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာကြမည်ဖြစ်ကြောင်း၊ ဝန်ထမ်းသက်တမ်း တစ်လျှောက် တော်၍ကောင်းသော၊ အဂတိတရားကင်းရှင်းသော ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်ကြရန်၊ တိုင်းပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်များကို မွေးမြူသွားကြရန်နှင့် သင်တန်းမှရရှိသည့် အသိပညာရပ်များကို အခြေခံပြီး ထူးချွန်ထက်မြက်သော ဝန်ထမ်းကောင်းများ ဖြစ်လာစေရေး ကြိုးစားကြရန် မှာကြားသည်။

ထို့အတူ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ တက်ရောက်၍ ယခုသင်တန်းကို နိုင်ငံတော်၏ မူဝါဒ၊ လုံခြုံရေးနှင့် ကာကွယ်ရေး လုပ်ငန်းစဉ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေအနေများကို သိရှိစေရန်၊ ကျောင်းသားများနှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲရေးနှင့် သင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို သိရှိစေရန်၊ ဆရာသိက္ခာနှင့် ကျင့်ဝတ်များ၊ စိတ်ဓာတ်ခံယူချက်များ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် လူငယ်များကိုငယ်စဉ်ကတည်းက အသိပညာ၊ အတတ် ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှိလာစေပြီး အမှန်နှင့်အမှား၊ အကောင်းနှင့် အဆိုးကို ခွဲခြားသိမြင်နိုင်စွမ်း ရှိသည့် စွမ်းဆောင်ရည် မြင့်မားသော အနာဂတ်သားကောင်း ရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ အဖွဲ့ဝင် ဦးစိုးတင့်၊ ဥက္ကဋ္ဌရုံး အဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အရာထမ်းလောင်း (အထူး) သင်တန်းသို့ သင်တန်းသား ၃၆ ဦး၊ သင်တန်းသူ ၇၈ ဦး စုစုပေါင်း ၁၁၄ ဦး တက်ရောက်ကြကြောင်းနှင့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၁၀၅)သို့ သင်တန်းသား ၂၉ ဦး၊ သင်တန်းသူ ၃၂၂ ဦး စုစုပေါင်း ၃၅၁ ဦး တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဇွန် ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့နယ် လွယ်တောင်ကျေးရွာ ဖူဂျီဥစားကြက်မွေးမြူရေးခြံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဇီဝလုံခြုံမှုဂရုပြုရေး၊ ဈေးကွက်ကိုအခြေခံသော စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားသည်။

**ကွင်းဆင်းစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် ကန်ချယ်ရေလွှဲဆည် အထွေထွေပြုပြင်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ဟိုပုံးချိုင့်ဝှမ်းအတွင်းရှိ နမ့်တဘက်ချောင်းဧရိယာ ရေကြီးနစ်မြုပ်မှု လျော့ပါးစေရေးနှင့် စိုက်ဧကတိုးတက်ရရှိရေးအတွက်လည်းကောင်း ကွင်းဆင်းစစ်ဆေးပြီး စိုက်ဧကများ ပိုမိုတိုးတက်ရေးအတွက် စိုက်ပျိုးရေ အဆင်ပြေချောမွေ့စွာ ပေးဝေနိုင်ရေး လတ်တလော ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ရေရှည်အစီအစဉ်များဖြင့် ဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဘန်းယဉ်မျိုးသန့်ခြံ၌ ဒေသနှင့် ကိုက်ညီသည့် သီးနှံမျိုးကောင်းမျိုးသန့် ထုတ်လုပ်ပေးနိုင်ရေး ဆောင်ရွက်နေမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သီးနှံအလိုက် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ ဟိုပုံးမြို့နယ်အတွင်းရှိ ကော်ဖီတောင်သူများ၏ ကော်ဖီအခွံချွတ် ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီး ဌာနမှူးရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သီးနှံစိုက်ပျိုးမှုနှင့် ထွက်ရှိမှု အချက်အလက်၊ ကိန်းဂဏန်း၊ စာရင်းဇယားများ ပြည့်စုံမှန်ကန်ရေး၊ ဆည်ရေသောက် ဧရိယာအတွင်းရှိ တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ဧကများ၊ စိုက်ပျိုးသည့် သီးနှံမျိုးနှင့် အထွက်နှုန်းများ ကောက်ယူကြရေး၊ အထူးဇုန်များအလိုက် ဆီထွက်သီးနှံများ လျာထားဧရိယာပြည့် စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် သံတဲကျေးရွာကွင်းအမှတ် (၆၇(ခ)၊ ၆၈)၌ စက်မှုလယ်ယာဦးစီးဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျလယ်မြေဧက ၁၄၀ ဖော်ထုတ်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြု စိုက်ပျိုးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ဒုတိယဝန်ကြီးသည် အောင်ပန်းမြို့ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဇဟိုဌာန၏ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အထွက်နှုန်းကောင်း၍ ကုန်းမြင့်ဒေသနှင့် သင့်လျော်သော အစေ့ထုတ်ပြောင်း၊ ယာစပါး၊ ပဲပုပ်နှင့် ဂျုံသီးနှံမျိုးကောင်းမျိုးသန့်များ မွေးမြူဖော်ထုတ်ရန်၊ ဒေသနှင့်သင့်လျော်သော မိုးခေါင်ဒဏ်၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသည့် အထွက်နှုန်းကောင်း စပ်မျိုးပြောင်းမျိုးနှင့် ပဲပုပ်၊ ယာစပါးမျိုးများ မွေးမြူရွေးချယ်ရန်၊ ထုတ်ဝေပြီးသောမျိုးများနှင့် အကျိုးအမြတ်အများဆုံးရရှိစေမည့် စိုက်နည်းစနစ်များရှာဖွေရန်၊ ဖော်ထုတ်ရရှိသော မျိုးနှင့်နည်းပညာများကို တောင်သူများထံ အသိပေးအသုံးချစေရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မိုင်းဆတ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကျင်းပ

မိုင်းဆတ် ဇွန် ၃

ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့(အကြို) စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် “သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး”ခေါင်းစဉ်ဖြင့် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများပါဝင်ယှဉ်ပြိုင်ကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမော်မော်ကို၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသွယ်၊ ခရိုင်ပညာရေးမှူး ဦးအောင်ဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြင့်မောင်(မိုင်းဆတ်)

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

# နိုင်ငံတစ်ဝန်း တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု မြင်ကွင်း

နေပြည်တော် ဇွန် ၃

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယနှစ်ဝက်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်ဝက်သင်တန်းများကို ယနေ့စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို ဖော်ပြလိုက်ပါသည်-


နည်းပညာတက္ကသိုလ်(ပုသိမ်)
ခရိုင်(ပြန်/ဆက်)


ရန်ကုန်နည်းပညာတက္ကသိုလ်
ဉာဏ်ဟိန်း


ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
ကိုဇင်(ပြန်/ဆက်)


ဒဂုံတက္ကသိုလ်
ဖွဲ့မင်းထက်(ပြန်/ဆက်)


နည်းပညာတက္ကသိုလ်(တောင်ငူ)
ဇော်ကိုကို(တောင်ငူ)


မအူပင်တက္ကသိုလ်
အောင်မြင့်မြတ်(ပြန်/ဆက်)


ပြည်တက္ကသိုလ်
ကိုဆက်(ပြန်/ဆက်)


ရန်ကုန်ပညာရေးတက္ကသိုလ်
မြို့နယ်(ပြန်/ဆက်)


ကွန်ပျူတာတက္ကသိုလ်(မအူပင်)
မြို့နယ်(ပြန်/ဆက်)


သက်နှင်းကျွန်းပညာရေးဒီဂရီကောလိပ်
ကိုလင်း(ပြန်/ဆက်)

# နိုင်ငံတစ်ဝန်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှု ပုံရိပ်များ

နေပြည်တော် ဇွန် ၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများအားလုံးကို နိုင်ငံတစ်ဝန်း၌ ယနေ့မှစတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည့် ပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။


ဆီဆိုင်မြို့နယ်
နေမင်း(ဆီဆိုင်)


မိုင်းပန်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဟိုပုံးမြို့နယ်
ပအိုဝ်းဒေသ(ပြန်/ဆက်)


ကျောက်တလုံးကြီးမြို့နယ်
ဇော်နိုင်လင်း


ကျောင်းကုန်းမြို့နယ်
ဝင်းကြိုင်(ပြန်/ဆက်)


မောက်မယ်မြို့နယ်
စိုင်းမျိုးသန့်(မောက်မယ်)



ဘားအံမြို့နယ်
ပြည်နယ်(ပြန်/ဆက်)


ပင်လောင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မိုင်းရယ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


လယ်ဝေးမြို့နယ်
ဝေကြည်(ပြန်/ဆက်)



ကျောက်ဖြူမြို့နယ်
တင်ထွန်းဦး၊ ဖြိုးဝေလင်း



ပုဇွန်တောင်မြို့နယ်
ဟန်စုယဉ်

# နိုင်ငံတစ်ဝန်း တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု မြင်ကွင်း

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယနှစ်ဝက်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်ဝက်သင်တန်းများကို ဇွန် ၃ ရက်က စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို ဖော်ပြလိုက်ပါသည်-


သတင်းအချက်အလက် နည်းပညာတက္ကသိုလ်(လှိုင်မြို့နယ်)
အောင်မြင့်(ပြန်/ဆက်)


လှည်းကူးပညာရေးဒီဂရီကောလိပ်
မြင့်ဦး


ကွန်ပျူတာတက္ကသိုလ်(သထုံ)
ခရိုင်(ပြန်/ဆက်)


မော်လမြိုင်တက္ကသိုလ်
ခင်စန်းမြင့်(ပြန်/ဆက်)


မကွေးတက္ကသိုလ်
ခရိုင်(ပြန်/ဆက်)


တောင်ငူတက္ကသိုလ်
ဇော်ကိုကို(တောင်ငူ)


ပြည်နည်းပညာတက္ကသိုလ်
ကိုဆက်(ပြန်/ဆက်)


မိတ္ထီလာတက္ကသိုလ်
ချမ်းသာ(မိတ္ထီလာ)


ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)
ခရိုင်(ပြန်/ဆက်)


နည်းပညာတက္ကသိုလ်(မအူပင်)
အောင်မြင့်မြတ်(ပြန်/ဆက်)


ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
မြို့နယ်(ပြန်/ဆက်)


ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
တင်ဝင်းတင်


နည်းပညာတက္ကသိုလ်(ပင်လုံ)
ခရိုင်(ပြန်/ဆက်)

# ကလေးများကျောင်းတက်တာဟာ အနာဂတ်နိုင်ငံတော် ထွန်းတောက်စေဖို့ပါ

ဒေါက်တာ မောင်သင်း

"နိုင်ငံတိုင်း၏ ဖွံ့ဖြိုးမှုအခြေခံအုတ်မြစ်သည် ယနေ့ လူငယ်များ၏ ပညာရေးမြင့်မားမှုပင် ဖြစ်သည်"

ဒိုင်အိုဂျင်းနစ်(Diogenes)
ဂရိတွေးခေါ်ရှင်

**ဘာကြောင့် ကျောင်းတွေရှိနေရတာလဲ**

မြန်မာတို့၏ "ကျောင်း" ဆိုသည့် အဓိပ္ပာယ်က ထိန်းကျောင်းက လာသည်ဟု ဆိုပါသည်။ ကလေးများကို ယနေ့မှစ၍ဘဝအဆုံးသတ်သည့်အချိန်အထိ ကိုယ့်ကိုယ်ကိုယ် ကောင်းမွန်စွာ ထိန်းကျောင်းတတ်အောင် လေ့ကျင့်ပေးသည့်နေရာပါ၊ အများမြင်သလို "စာချည်း သက်သက်သင်" ပေးသည့်နေရာ မဟုတ်ပါ။ စာကိုအခြေပြု၍ လူ့စွမ်းရည် အစွမ်းကုန် ဖွံ့ဖြိုးအောင် လေ့ကျင့်သည့်နေရာပါ။

လူသားတိုင်း မွေးကတည်းက ထက်မြက်ပြီး တန်ဖိုးမဖြတ်နိုင်သည့် စွမ်းရည်ပါလာပါသည်။ အဆိုပါတန်ဖိုးမြင့်စွမ်းရည်ကို ကလေး၏ အသက်အရွယ်နှင့်အညီ ထက်လာ၊ မြက်လာ၊ တန်ဖိုးတက်လာအောင် လေ့ကျင့်ပေးရပါသည်။ ထိုကဲ့သို့ လူသား၏ မွေးရာပါ ဗီဇကို ထက်သည်ထက် ထက်လာ၊ မြက်သည်ထက် ပိုမြက်လာအောင် စနစ်ကျနစွာ ဆောင်ရွက်သည့်လုပ်ငန်းကို ကမ္ဘာတစ်လွှားမှာ ပညာရေးဟု သုံးနှုန်းကြပါသည်။

ပညာရေးကို ရှေ့တန်းမှ အကောင်အထည်ဖော်သည့် နေရာသည် "ကျောင်း"များပင် ဖြစ်ပါသည်။ ကျောင်းဖြင့်ပညာရေးကိုအကောင်အထည်ဖော်ခြင်းဖြစ်၍ "ကျောင်းသင်ပညာရေး" ဟုလည်း သုံးနှုန်းကြသည်။ ကျောင်းသင်ပညာရေးက သင့်သား သင့်သမီးကို လူကောင်း၊ လူတော်ဖြစ်အောင်၊ ထက်မြက်သူဖြစ်အောင်၊ အောင်မြင်သည့် ခေါင်းဆောင်ဖြစ်လာအောင် လေ့ကျင့်ပေးမှာ သေချာသည်။

ဤသည်ကို ကဗျာစာဆိုဆရာကြီးတင်မိုးက–

**လူဖြစ်ပါလျက်**
**စာမတတ်သူ၊ မောင်မင်းမူက**
**လူမပီသ၊ ဂုဏ်နိမ့်ကျ၏။**
**လူလိုသိ၍၊ လူ၏ဂုဏ်ရောင်**
**ထွန်းလင်းပြောင်ဖို့**
**အမှောင်ကိုခွာ၊**
**ကျောင်းတော်သာတွင်**
**ပညာသင်ကြ၊ စာဖတ်ကြ။ ။**

ဟူ၍ သူ၏ "တို့စာ" ကဗျာတွင် ထည့်သွင်းစပ်ဆိုခဲ့ပါသည်။ ဆရာကြီး၏ ကဗျာကို ထောက်ခံလျက် ဒဿနအမြင်ဖြင့် ဆွေးနွေးတင်ပြပါရစေ။ လူနှင့် တိရစ္ဆာန်တို့၏ အဓိကခြားနားချက်မှာ တိရစ္ဆာန်တွင်

(၁) သားသမီး (သို့) နောက်မျိုးဆက်ကို စုပေါင်းလေ့ကျင့်သင်ကြားပေးသည့် အလေ့အထမရှိပါ။ လူသားကဲ့သို့ ကျောင်းမရှိပါ။ မိဘက သူ့ဘဝတစ်သက်စာ အတွေ့အကြုံလောက်ကိုသာ သူ့သားသမီးကို သင်ပေးနိုင်သည်။ ဥပမာ – အစာရှာခြင်း၊ အန္တရာယ်ကို ရှောင်ကွင်းခြင်းနှင့် သားသမီးကို ပြုစုခြင်း၊ ကာကွယ်ခြင်းတို့ ဖြစ်ပါသည်။ ထိုထက် မပိုပေ။

(၂) စာပေမရှိ၍ စာမဖတ်တတ်သဖြင့် တိရစ္ဆာန်မျိုးဆက်တို့သည် ရှေးဘိုးဘေးဘီဘင်တို့၏ နောက်မျိုးဆက်အတွက် ဆောင်ရန် ရှောင်ရန်၊ လုပ်သင့်၊ လုပ်ထိုက်တာတို့ကို မှတ်တမ်းထားနိုင်ခြင်းလည်းမရှိ၊ မှတ်တမ်းကို ဖတ်နိုင်သူ စာတတ်သူလည်း မရှိပေ၊ သို့အတွက် တိရစ္ဆာန်လောက မတိုးတက်ခဲ့ပေ။



သို့ဖြစ်၍ တိရစ္ဆာန်တွင် စာပေလည်း မရှိသလို စာဖတ်တတ်သူလည်းမရှိပါ။ ဆရာကြီး၏ "လူဖြစ်ပါလျက်၊ စာမတတ်သူ၊ မောင်မင်းမူက၊ လူမပီသ၊ ဂုဏ်နိမ့်ကျ၏" ဆိုခြင်းမှာ စာမဖတ်တတ်ပါက တိရစ္ဆာန်ဘဝနှင့် မခြားသည့် လူသားသာ ဖြစ်ပေလိမ့်မည်ဟု ဆိုဟန်တူပေသည်။ ထို့အတူ လူဖြစ်ပြီး ကျောင်းမသွားခဲ့လျှင် မိဘ၏ အသိ၊ အပြုအမူ၊ အလေ့အကျင့်လောက်သာ သင်ယူနိုင်မှာပါ။ မိဘ၏ တစ်ဘဝစာ အတွေ့အကြုံလောက် သိတာ၊ တတ်တာ ကျွမ်းကျင်ရုံမျှဖြင့် လူသားဟု မခေါ်ဆိုနိုင်ပေ။ ဤသည်မှာ တိရစ္ဆာန်တို့၏ ဓလေ့စရိုက် အမူအကျင့်မျှလောက်သာ ဖြစ်ပေသည်။

ဆရာကြီးက "လူလိုသိ၍၊ လူ၏ ဂုဏ်ရောင်၊ ထွန်းလင်းပြောင်ဖို့၊ အမှောင်ကိုခွာ၊ ကျောင်းတော်သာတွင်၊ ပညာသင်ကြ၊ စာဖတ်ကြ" ဟု ရေးဖွဲ့ခဲ့ခြင်းသည် တိရစ္ဆာန်အဆင့်ထက် အဆင့်မြင့်သည့် လူသားအဆင့်၊ လူအသိရှိကြသော ဘဝရပ်တည်နိုင်စေရန်အတွက် တိရစ္ဆာန်လောကမှာမရှိဘဲ လူ့အဖွဲ့အစည်းမှာသာ ဘိုးဘွားဘီဘင်ရှေးမျိုးဆက်တို့၏ အတွေ့အကြုံကို လက်ဆင့်ကမ်း သင်ကြားပေးသော "ကျောင်း" ဆိုသည့် အရပ်ကို သွားကြပါဟု တိုက်တွန်းထား၏။ စာသင်ကြ၊ စာဖတ်နိုင်ကြမှသာ လူသည် လူသားပီသ၏။ တိရစ္ဆာန်ထက်သာ၏။ အဆင့်မြင့်၏။ ကျောင်းမတက်ရန် စံလွဲအမှောင့်ပေတံအမျိုးမျိုးကြောင့် ဖြစ်ပေါ်နေသော အမှောင်ကို ခွင်း၍ အလင်းသို့ ရောက်စေရန်၊ ကျောင်းသို့ သွားကြပါဟု တိုက်တွန်းထားသည့် ကဗျာဖြစ်ပါ၍ ကျောင်းသို့ သွားဖြစ်အောင် သွားကြနိုင်ရန် ရည်ရွယ်၍ အဆိုပါကဗျာလေးကို ညွှန်းလိုက်ရပါသည်။

**သင့်သားသမီးရဲ့ အနာဂတ်ကောင်းအတွက် အသင့်ပြင်ဆင်ပေးသည့် နေရာ**

အမှန်တကယ်တွင် ပညာရေးသည် လူပြင်သော အလုပ်ဖြစ်ပါသည်။ "လူပြင်"သည် ဆိုရာဝယ် ပျက်နေသည့်အရာကို ပြင်ဆင်ခြင်း မဟုတ်ပါ။ အသင့်အနေအထားဖြစ်စေရန် **"ကြိုတင်ပြင်ဆင်ထားခြင်း"**ပါ။ စွမ်းရည်ပြည့်ပြည့်ဖြင့် အသင့်အနေအထားဖြစ်အောင် ပြင်ဆင်ထားခြင်းကြောင့် "လူပြင်သည့်နေရာမှာ ကျောင်းပါ" တဲ့။ သင့်သားသမီး အနာဂတ်မှာ ကောင်းသလောက်တော်သည့် သားကောင်း သမီးမွန်အဖြစ် ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းနိုင်သော ထူးချွန်လူသားဖြစ်အောင် လေ့ကျင့်ပေးတာပါ။ တစ်ယောက်တည်း မဟုတ်ပါ။ လေ့ကျင့်ပေးတာကလည်း စုဝေးအကောင်အထည်ဖော်တာမို့ သင့်သားသမီး လူတွေနှင့် ပေါင်းတတ်၊ သင်းတတ် နေထိုင်တတ်လာမည်။ လူဖြစ်လာလျှင် လူတို့ ပထမဆုံးတတ်ရမည့် အရည်အချင်းက "မိတ္တဗလ" ဖြစ်ပါသည်။

"လူများနှင့် ပေါင်းသင်းဆက်ဆံတတ်ခြင်း" ပါပဲ။ တစ်သက်လုံး သင့်သား သင့်သမီး လူများနှင့် မပေါင်းဘဲ တစ်ယောက်တည်း နေသွားနိုင်မည် မဟုတ်ပါ၊ မိသားစုနှင့် အိမ်နီးနားချင်းလောက်သာ ပေါင်းတတ်ရုံဖြင့်လည်း မလုံလောက်သေးပါ။ သူ့ဘဝမှာ လူပေါင်းသိန်းသန်းချီသည့် လူစိမ်းသူစိမ်းများနှင့် ကြုံရဆုံရပါလိမ့်မည်။ ထိုသူများနှင့် သဟဇာတဖြစ်အောင် နေထိုင်ဆက်ဆံ ပြောဆိုနိုင်ရပါမည်။ ထိုသို့ လူမှုဆက်ဆံရေးချောမွေ့ရန် ကျောင်းတွေက လေ့ကျင့်ပေးတာပါ။

ပြီးတော့ မိဘများ။ သင်သည် နောင်အနှစ် ၂၀ မှာ ဖြစ်ပေါ်လာမည့် လူ့အဖွဲ့အစည်းက ဘယ်လိုပုံစံဆိုတာ မှန်းဆကြည့်ပါ။ ကျောင်းက သင့်သား သင့်သမီး အနည်းဆုံး နောင်လာမည့် နှစ် ၂၀ တွင် ကြုံရဆုံရမည့် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များအတွက် အသင့်အနေအထားဖြစ်အောင် ကြိုတင်ပြင်ဆင်ပေးနေခြင်းပါ။ "ကျောင်း"နှင့် "စာသင်ခန်း" သည် နောင်အနာဂတ်မှာ ပေါ်ထွန်းလာမည့် "အစောဆုံး လူ့အဖွဲ့အစည်း" တစ်နည်းအားဖြင့် **"အနာဂတ် လူ့အဖွဲ့အစည်းရဲ့ အစပြုပျိုးခင်း"**ပင် ဖြစ်ပါသည်။ သင်သည် နောင်နှစ်ပေါင်း ၂၀ မှာ ဖြစ်လာမည့် လူ့အဖွဲ့အစည်း၏ အနေအထားကို သိချင်မြင်ချင်လျှင် ယနေ့ပညာရေးကို အကောင်အထည်ဖော်နေသည့် ကျောင်းနှင့် စာသင်ခန်းကို သွားကြည့်ပါ။

သင့်သား၊ သင့်သမီး နောင်နှစ် (၂၀) အကြာတွင် မည်သည့်လူမှုအဖွဲ့အစည်းမှာ နေမည်။ ဘယ်လောက်တော်၍ ကောင်းနေမည်ဆိုတာကို သိလာပါလိမ့်မည်။ အင်္ဂလန်ဝန်ကြီးချုပ် ဘင်ဂျမင် ဒစ္စရေးလီက လွန်ခဲ့သည့် နှစ် ၁၅၀ ကျော်ကပင် "ကလေးများ၏ ယနေ့ ပညာရေးအခြေအနေကို သိလျှင် ထိုနိုင်ငံ၏ အနာဂတ် ကောင်း မကောင်း ကျွန်တော်ဟောကိန်းထုတ်နိုင်ပါမည်"ဟု ရဲဝံ့စွာ ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။ နောင်အနှစ် ၂၀ ကျော် အကြာတွင် ပေါ်ထွန်းလာမည့် လူ့အဖွဲ့အစည်းတွင် သင့်သား သင့်သမီး တော်သလောက် ကောင်းသူဖြစ်လာစေရန် ယနေ့ကျောင်းအပ်ရာသီတွင် စာသင်ကျောင်းသို့ပို့ပြီး လေ့ကျင့်ခံကြပါဟု တိုက်တွန်းပါရစေ။

ကျောင်းများ၏ အာမခံချက်ကတော့ သင့်အိမ်မှာထက် သင့်ကလေး၊ ပိုတော်၊ ပိုတတ်၊ ပိုလိမ္မာပြီး ကိုယ်ကျင့်တရား ပိုကောင်းစေရမည်၊ လူမှုဆက်ဆံရေး ပိုမိုချောမွေ့လာစေရမည်ဆိုတာပါပဲ။ နိုင်ငံသားကလေးတစ်ဦးချင်း၏ "ဖွံ့ဖြိုးရေး အနာဂတ်အစ ပညာသင်ကျောင်းတွေက" ဖြစ်ပါသည်။ နိုင်ငံတော်၏ အနာဂတ်သည် ယနေ့ ကလေးများ တော်သလောက် ကောင်းသည့်အပေါ်တွင် တည်မှီနေခြင်းကြောင့် လူကောင်း လူတော်ဖြစ်အောင် လေ့ကျင့်ပေးသည့် ကျောင်းသို့ သွားဖြစ်အောင် သွားကြပါ။ မိဘများကလည်း ပို့ဖြစ်အောင် ပို့ပေးကြပါ။

**လူ့တန်ဖိုးတွေ တက်အောင် လေ့ကျင့်ပေးတဲ့နေရာဟာ ကျောင်းပါ**

ပညာရေး အကောင်အထည်ဖော်မှုဆိုတာ နိုင်ငံတိုင်းမှာရှိပါသည်။ ပညာရေးမရှိသည့် လူ့အဖွဲ့အစည်း ယနေ့တိုင် မရှိသေးပါ။ ပညာရေးကောင်းမွန်အောင်သာ ကြိုးပမ်းနေကြသည်။ ဖျက်ဆီးမှုမရှိကြပါ။ ပညာရေးကိုရှေ့တန်းက အကောင်အထည်ဖော်နေသည့် နေရာများက ကျောင်းတွေပါဟု ထပ်ပြောပါရစေ၊ ကျောင်းဟာ လူအစည်ကားဆုံးရှိနေရမည့် မင်္ဂလာရပ်ဝန်းပါ၊ မသွားအပ်သည့် အမင်္ဂလာနေရာ မဟုတ်ပါဆိုတာ အမြင်ရှင်းရှင်းဖြင့် ကြည့်တတ်ရန် လိုပါသည်။ ကျောင်းများက သင့်သား သင့်သမီးကို အရည်အသွေးမြင့်လာအောင် တန်ဖိုးမြင့် လူသားတစ်ယောက်အဖြစ် ပေါ်ထွန်းလာအောင် လေ့ကျင့်ပေးနေတာပါ။ လူ့တန်ဖိုး၊ ကောင်းမြတ်သည့် လူ့စွမ်းရည်ဆိုသည်မှာ

(က) ကိုယ်ခန္ဓာကျန်းမာဖွံ့ဖြိုးမှု၊
(ခ) အခြေခံကျန်းမာရေးအသိရှိမှု၊
(ဂ) လူမှုဆက်ဆံရေးကောင်းမွန်မှု၊ စိတ်ခံစားမှုကို ထိန်းသိမ်းစွမ်းရည်မြင့်မားမှု၊
(ဃ) ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် ယင်းကို လေးစားတန်ဖိုးထားမှု၊
(င) တစ်ဖက်သားကို စာနာတတ်မှု၊
(စ) လိမ္မာယဉ်ကျေးစွာ ပြုမူပြောဆိုမှုနှင့် စိတ်ထားနူးညံ့မှု၊ **စာမျက်နှာ ၁၁ သို့** ◆

**"မိဘများ။ သင်သည် နောင်အနှစ် ၂၀ မှာ ဖြစ်ပေါ်လာမည့် လူ့အဖွဲ့အစည်းက ဘယ်လိုပုံစံဆိုတာ မှန်းဆကြည့်ပါ။ ကျောင်းက သင့်သား သင့်သမီး အနည်းဆုံး နောင်လာမည့် နှစ် ၂၀ တွင် ကြုံရဆုံရမည့် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များအတွက် အသင့်အနေအထားဖြစ်အောင် ကြိုတင်ပြင်ဆင်ပေးနေခြင်းပါ။ "ကျောင်း" နှင့် "စာသင်ခန်း" သည် နောင်အနာဂတ်မှာပေါ်ထွန်းလာမည့် "အစောဆုံးလူ့အဖွဲ့အစည်း" တစ်နည်းအားဖြင့် "အနာဂတ်လူ့အဖွဲ့အစည်းရဲ့ အစပြုပျိုးခင်း"ပင် ဖြစ်ပါသည်။ သင်သည် နောင်နှစ်ပေါင်း ၂၀ မှာ ဖြစ်လာမည့် လူ့အဖွဲ့အစည်း၏အနေအထားကို သိချင်မြင်ချင်လျှင် ယနေ့ပညာရေးကို အကောင်အထည်ဖော်နေသည့် ကျောင်းနှင့် စာသင်ခန်းကို သွားကြည့်ပါ"**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများဖွင့်လှစ်မှုနှင့် ကျောင်းအပ်နှံပြီးစီးမှု ညှိနှိုင်းစည်းဝေး

မုံရွာ ဇွန် ၃

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ ဖွင့်လှစ်မှုနှင့် ကျောင်းအပ်နှံပြီးစီးမှု ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်မှု၊ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံပြီးစီးမှု အခြေအနေများ၊ အခြေခံပညာကျောင်းများနှင့် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး အထက်တန်း ကျောင်းများရှိ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် အလေးထား ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့လည်း လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြပေးသွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးသိုက်က တိုင်းဒေသကြီး အတွင်းရှိ ခရိုင်/မြို့နယ်များ၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်ထားရှိမှုနှင့် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံပြီးစီးမှု အခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မိမိတို့ခရိုင်အတွင်းရှိ မြို့နယ်များတွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်နေမှု၊ ကျောင်းအပ်နှံပြီးစီးမှု၊ သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းတင်ပြကြပြီး မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ခရိုင်အတွင်းရှိ မြို့နယ်များ၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်ထားရှိမှုများနှင့် ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက် လာသူများ၏ ဆွေးနွေးတင်ပြချက်များ အပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

**○ မြန်မာအသင်းမှ**

ဇွန် ၂၅ ရက်တွင် ဘရူနိုင်းအသင်း၊ ဇွန် ၂၈ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးသုံးသင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား မိတမိချီတာယုက ကိုင်တွယ်နေပြီး ၎င်းလက်ထက် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ပြိုင်ပွဲမတိုင်မီ ပြည်တွင်းခြေစမ်းပွဲများသာ ကစားရသေးကာ ကစားသမားများ အတွေ့အကြုံရစေရန် Junior Lions အသင်းအမည်ဖြင့် MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**ကိုညီလေး**

---

◆ စာမျက်နှာ ၁၀ မှ

(ဆ) အနုပညာခံစားလိုစိတ်ဖွံ့ဖြိုးမှု၊

(ဇ) ကျိုးကြောင်းညီညွတ်စွာ အခက်အခဲကို ချဉ်းကပ်ကျော်လွှားနိုင်မှု၊

(ဈ) လူ့အဖွဲ့အစည်းရဲ့စည်းကမ်းနှင့် ဥပဒေများကို တန်ဖိုးထားလေးစားလိုက်နာမှု၊

(ည) မတူကွဲပြားမှုများကို နားလည်လက်ခံပူးပေါင်းဆောင်ရွက်နိုင်ခြင်း . . . တို့ ဖြစ်ပါသည်။

အထက်ပါ အရည်အသွေးများသည် ကျောင်းသွားသည့် သင့်သား သင့်သမီးတွင် မဖြစ်မနေ ပေါ်ထွန်းလာမည့် အရည်အသွေးများပါ။ ပန်းတနော်မြို့မှာ ဦးသန့် အမျိုးသားကျောင်းအုပ်ကြီး လုပ်ခဲ့စဉ်က **"ကျုပ်ကျောင်းက ထွက်သွားတဲ့သူ တစ်ယောက်မှ လူဆိုး၊ သူခိုး မဖြစ်စေရဘူး၊ ကျုပ်အာမခံတယ်"** တဲ့၊ ဦးသန့်၏အာမခံချက်ကို ယနေ့မြန်မာ့ပညာသင်ကျောင်းများကလည်း ဆက်လက်အာမခံဆဲပါ။ အဆိုပါအာမခံချက်နှင့်အတူ မြန်မာတို့၏ ဗလငါးတန်စုံလင်အောင် ဖော်ဆောင်ပေးသည့် နေရာသည် ကျောင်းပါပဲ။ ကျောင်းမရောက်လျှင် ဗလငါးတန်နှင့် အလှမ်းဝေးနေဦးမှာပါ။ ဗလငါးတန်ကင်းလျှင် လူ့ဗာလတို့ရွာသို့ ရောက်သွားတတ်ကြသည်မို့ လူမွေးလူတောင်မပြောင်သည့် အရပ်သို့ မသွားဖြစ်အောင် ဟန့်တားသည့် နေရာဖြစ်သော ကျောင်းသို့ပို့ကြပါ။

**သင့်သား သင့်သမီး ပြည့်ဝဒီမိုကရေစီ စိတ်ထားပိုင်ရှင်ဖြစ်စေလိုရင် ကျောင်းကိုပို့ပါ**

ဒီမိုကရေစီသည် ကိုယ်တိုင်ကျင့်မှ သူများရော ကိုယ်ပါရသည့် အလုပ်ဖြစ်ပါသည်၊ ကိုယ်မကျင့်ဘဲ မလိုချင်ပါနှင့်၊ ဤသည်ကို ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် (ငြိမ်း) ဦးသန့်က **"ဒီမိုကရေစီ အောင်မြင်ရန် ပြည်သူ ပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင်ရှိရမည်၊ အသိဉာဏ်ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်"**ဟု ဆိုထားပါသည်။ ကျောင်းများတွင် "ကျောင်းကောင်စီ"ကို ဖွဲ့စည်းထားပါသည်။ အိမ်မှာမရှိပါ။ ကျောင်းကောင်စီ၏ ကတိဆောင်ပုဒ်မှာ

**"မိမိကိုယ်ကိုကောင်းအောင်ကြိုးစားမည်"**

**"မိမိအတန်းကိုကောင်းအောင်ကြိုးစားမည်"**

**"မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်"**

**"မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်"**ဟူ၍ ဖြစ်ပါသည်။

ကျောင်းကောင်စီ ဖွဲ့စည်းရခြင်းမှာ "ကျောင်းသားတစ်ဦးချင်း လူကောင်းလူတော် ဖြစ်အောင် လေ့ကျင့်ပေးခြင်းပါ၊ သူကိုယ်တိုင်ကလည်း မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်ဟု ခံယူချက်ရှိလာရမည်၊ မိမိတစ်ကိုယ်ရေ ကောင်းရုံတင် မဟုတ်သေးပါ။ မိမိ၏ ပတ်ဝန်းကျင်ဖြစ်သည့် အတန်းထဲမှ သူငယ်ချင်းများ၏ ကောင်းကျိုးသယ်ပိုးရန်လည်း တာဝန်ရှိပါသည်ဟူသည့် တာဝန်သိစိတ်ပါ ပိုင်ဆိုင်သွားစေပါသည်။ ထိုမှတစ်ဆင့် မိမိ၏ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် နောက်ဆုံးတွင် မိမိတိုင်းပြည်ကိုကောင်းအောင် ကြိုးစားမည်ဟူသည့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးအတွက် တာဝန်ကျေလိုစိတ်ကိုပါ အထုံပါရမီအဖြစ် ခံယူသွားသည်အထိ လေ့ကျင့်ပေးနေပါသည်။

အတန်းကောင်းစားရေးအတွက် ရွယ်တူသူငယ်ချင်းများဖြင့်၊ ကျောင်းတိုးတက်ရေးအတွက် အတန်းခွဲများ မိမိအောက်ဆင့်အတန်းငယ်များမှ ညီငယ်၊ ညီမငယ်များ၊ မိမိအထက်ဆင့်မှ အစ်မ၊ အစ်ကိုများနှင့် စုပေါင်းညီညွတ်စွာ ကျောင်းဖွံ့ဖြိုးဖို့ ကျောင်းကောင်းဖြစ်ဖို့ဟူသည့် ဘုံရည်မှန်းချက်ကို စုပေါင်းအကောင်အထည်ဖော်တတ်သည့် အရည်အသွေးများ ဖြစ်ထွန်းလာအောင် လေ့ကျင့်ပေးတာပါ၊ မိမိနှင့် မိမိပတ်ဝန်းကျင် ကောင်းကျိုးသယ်ပိုးလိုသည့် တာဝန်သိစိတ်နှင့် ဘုံရည်မှန်းချက်ကို ညီညွတ်စွာ အကောင်အထည်ဖော်တတ်ခြင်းသည် နိုင်ငံသားတစ်ဦးပိုင်ဆိုင်ရမည့် "ဒီမိုကရေစီစိတ်ထား"ပင် ဖြစ်ပါသည်။ သင့်အိမ်မှာ မရနိုင်သည့် **"မိသားစုလွန်နိုင်ငံသား အရည်အသွေးများ"** ဖြစ်ပါသည်။

ထို့ပြင် အိမ်မှာက ဘဝနောက်ခံ၊ ကိုးကွယ်ရာ အတူတူဆိုတော့ မတူကွဲပြားမှု၏ တန်ဖိုးကို မသိနိုင်၊ နားမလည်နိုင်ပါ၊ ကျောင်းမှ အတန်းဖော်များတွင် ခနဉစ္စာ၊ ဆင်းရဲချမ်းသာကွာဟမှု၊ ရာထူးဂုဏ်သိမ်အနိမ့်အမြင့် မျိုးစုံ၏၊ ကွဲပြားခြားနားနိမ့်ကျသည့် ဘဝများကို စာနာတတ်လာမည်။ စာသင်ခန်းတွင် ဆူကြံ့နိမ့်မြင့်မရှိ၊ အဆင့်အတန်း ခွဲခြားမှုကင်း၏။ တန်းတူကြိုးစားခွင့် အောင်မြင်ခွင့်ရှိ၏။ ကျောင်းသို့ ရောက်မလာသည့် ကလေးများအဖို့ အဆိုပါ ဒီမိုကရေစီအခွင့်အရေးရမှုနှင့် မတူကွဲပြားမှုကို နားလည်ရန် အခွင့်အလမ်း အလွန်နည်း၏။ အကယ်၍ ကျောင်းသို့ ကျွန်တော်တို့ သားသမီးကို မလွှတ်မိလျှင် ကျွန်တော်တို့မိဘများအနေဖြင့် မိမိတို့သားသမီးကို ဒီမိုကရေစီစိတ်ထားနှင့် အရသာခံစားခွင့်ကို ပိတ်ပင်သူ၊ ဆန့်ကျင်သူဘဝ ရောက်သွားပါလိမ့်မည်။

တကယ်တော့ ယနေ့ ကလေးများကို ဘဝနောက်ခံ မတူညီသူအချင်းချင်း ပျော်ရွှင်ငြိမ်းချမ်းစွာ ပညာသင်တတ်ရန်၊ နားလည်စာနာမှုအပြည့်ဖြင့် နေထိုင်တတ်ရန်၊ အတန်းအကျိုး၊ ကျောင်းအကျိုး စုပေါင်းသယ်ပိုးတတ်ရန်နှင့် နောက်ဆုံးတွင် ဒီမိုကရေစီ အနှစ်သာရပြည့်ဝသည့် "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်သည့် မြန်မာ့တိုင်းရင်း နိုင်ငံသား အမွန်အမြတ်များ" ဖြစ်ထွန်းလာစေရန် လေ့ကျင့်ပျိုးထောင်ပေးရမည့်တာဝန်က မိဘများနှင့် နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါသည်။

ကမ္ဘာတစ်လွှားမှာကဲ့သို့ **"ဒီမိုကရေစီကျင့်စဉ် အစ၊ စာသင်ကျောင်းက"**ဟူသည့် အမြင်ဖြင့် ဒီမိုကရေစီမြတ်နိုးသူ မိဘများအနေဖြင့် ဒီမိုကရေစီ လေ့ကျင့်ရေးကွင်းဖြစ်သည့် ကျောင်းသို့ ပို့ဖြစ်အောင် ပို့ပေးကြပါ။ ကျောင်းက သင့်သား သင့်သမီးကို ပြည့်ဝမှန်ကန်သည့် အဆိုပါ **"ပြည့်ဝဒီမိုကရေစီ စိတ်ထားပိုင်ရှင်"** ဖြစ်အောင် လေ့ကျင့်ပေးနေတာမို့၊ အနာဂတ်မှာ ဦးသန့် ရည်ညွှန်းသည့် "အသိဉာဏ် ပညာနှင့် ဆင်ခြင်တုံတရားလုံလောက်စွာရှိသည့် နိုင်ငံသားများ" ကြွယ်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာပါလိမ့်မည်။

ဤကဲ့သို့ ပြည့်ဝနိုင်ငံသား ကြွယ်ဝမှုကို မြင်စေလိုလျှင် "သင့်သား၊ သင့်သမီးကို ကျောင်းပို့ပါ"ဟု ဆိုပါရစေ။ ဤသို့တိုက်တွန်းရခြင်းမှာ ကျွန်တော်တို့သားသမီး ကျောင်းမရောက်ခဲ့လျှင် **"အသိဉာဏ်ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခသာ ဖြစ်စေလိမ့်မည်"**ဟူသည့် ဦးသန့်၏ ဟောကိန်းကအဖြစ်မျိုး မကြုံတွေ့စေရန်အတွက် ဖြစ်ပါသည်။

**ကျောင်းနေအရွယ်ကလေးတွေ ကျောင်းမရောက်ခဲ့ရင်**

(၂၁) ရာစုမှာ ပညာရှင်များက ကမ္ဘာတစ်လွှားမှာ ကျောင်းတွေဖွင့်ပြီး သင်ကြား၊ သင်ယူမှုကို ဆောင်ရွက်ရခြင်းရဲ့ ရည်မှန်းချက်များက -

(က) သိမြင်တတ်ဖို့ သင်ယူခြင်း၊

(ခ) လုပ်တတ်၊ ကိုင်တတ်၊ ဖြေရှင်းတတ်ဖို့ သင်ယူခြင်း၊

(ဂ) ဖွံ့ဖြိုးတိုးတက်ဖို့ သင်ယူခြင်း၊

(ဃ) အများနှင့်အတူ ငြိမ်းချမ်းစွာ နေတတ်ဖို့ သင်ယူခြင်းတို့ ဖြစ်ပါသည်။ ဤသည်မှာ နိုင်ငံဖွံ့ဖြိုးရေးကို ဖော်ဆောင်ကြမည့် နိုင်ငံသားတစ်ယောက်မှာ မဖြစ်မနေ ပိုင်ဆိုင်ရမည့် စွမ်းရည်များပါ။ နိုင်ငံတော်က နိုင်ငံသား တစ်ဦးချင်းစီအတွက် မျှော်မှန်းထားသည့် အရည်အသွေးများပါ။ ပြည့်ဝနိုင်ငံသား၏ အရည်သွေးများဟု ဆိုပါရစေ။ အိမ်မှာနေ၍ မရနိုင်ပါ။ ကျောင်းနေအရွယ်ကလေးများ စာသင်ခန်းသို့ မရောက်ခဲ့လျှင် သူတို့ကြီးပြင်းလာပါက ဉာဏ်ပညာဖြင့် မယှဉ်သည့် အသက်မွေးမှုအလုပ်ကိုသာ လုပ်ရမည်။ ဦးနှောက်မသုံးရဘဲ၊ တိရစ္ဆာန်ကဲ့သို့ ကြွက်သား၊ ကာယအားကိုသာ အသုံးချရပေမည်။ သူများထံ အခစားဖြစ်ဖို့ များပေလိမ့်မည်။ အသိဉာဏ်အားဖြင့်လည်း အမှားနှင့် အမှန်၊ အကောင်းနှင့် အဆိုး၊ အပြုနှင့် အဖျက်၊ လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းမသိသူ စာရိတ္တမဏ္ဍိုင် အားနည်းကြသူများ ဖြစ်လာကြပါလိမ့်မည်။ နောက်ဆက်တွဲအနေဖြင့် ဝေဖန်ပိုင်းခြားနိုင်မှု အားနည်းကာ ပြောသမျှယုံကာ အဖျက်အလုပ်ကိုအဟုတ်ထင်ပြီး အရွယ်မတိုင်မီ ပြစ်မှုပြစ်ဒဏ်ခံရသူများဘဝ ရောက်သွားနိုင်သည်။

ထို့အပြင် မူးယစ်ဆေးဝါး သားကောင်ဘဝ၊ လူကုန်ကူးခံရသူအဖြစ်နှင့် လိင်မှုဆိုင်ရာ အသုံးချခံရသူများ၊ လမ်းပျော်၊ လေလွင့်သူများ ဘဝဆီကိုလည်း ရောက်ရှိသွားပေမည်။ ဤသည်မှာ ကမ္ဘာတစ်လွှား ကျောင်းသို့မရောက်သူများ၏ အနာဂတ်ဘဝအခြေအနေဆိုးများပင် ဖြစ်ပါသည်။ လမ်းပျော်၊ လေလွင့်၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိသည့် ကလေးသူငယ်ပေါများသော နိုင်ငံသည်လည်း နိမ့်ကျသော ဘဝမှာသာ ရှိနေပေလိမ့်မည်။ ကျွန်တော်တို့နိုင်ငံကို အဆိုပါအခြေအနေမျိုး မရှိစေရန် နိုင်ငံအနှံ့ ကျောင်းတွေဖွင့်ထားပေးကာ အရည်အသွေးပြည့် နိုင်ငံသားဖြစ်အောင် လေ့ကျင့်ပေးနေပါသည်။

ဆောင်းပါးအစတွင် "ကလေးများ၏ ပညာရေးသည် နိုင်ငံဖွံ့ဖြိုးမှု၏ အုတ်မြစ်ဖြစ်ကြောင်း" ဂရိတွေးခေါ်ရှင် ဒိုင်အိုဂျင်းနစ် မီးမောင်းထိုးပြဆိုခဲ့သကဲ့သို့ မြန်မာ့ကလေးများ၏ ပညာရေး အခြေတင့်မှ နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးရေးလည်း မြင့်မားပြီး သင့်သား သင့်သမီး တစ်ဦးချင်း၏ ဘဝလှကြ၊ ပကြ၊ တင့်တယ်ကြမှာမို့ ကျောင်းနေအရွယ်ကလေးများကို အဖိုးတန် မြန်မာ့နိုင်ငံသားများအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ကြစေရန် မဖြစ်မနေ ကျောင်းသို့ပို့ကြပါဟု တိုက်တွန်းလိုက်ရပါသည်။ ။

# မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်၊ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြား




မန္တလေး ဇွန် ၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ယနေ့နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်ခဲ့ရာ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများကို တာဝန်ကျ ဆရာ ဆရာမများက ကျောင်းဝင်ပေါက်၌ အတန်းစဉ်အလိုက် စည်ကမ်းတကျ သွားရောက်နိုင်ရေး စီမံပေးကြပြီး စနစ်တကျ စာသင်ကြား/ သင်ယူမှုများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ပေးကြသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေလွင်က “တိုင်းဒေသကြီးအတွင်း ကျောင်းအပ်နှံရေး ရက်သတ္တပတ်မှာ ကျောင်းအပ်လက်ခံထားမှုအနေနဲ့ အခြေခံပညာကျောင်းမှာ ကျောင်းသား ၇၆၄၈၈၀ ၊ ကိုယ်ပိုင်ကျောင်းမှာ ၇၃၈၆၂ ဦးနဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှာ ၈၅၃၁၇ ဦး စုစုပေါင်း ၉၂၄၀၅၉ ဦးရှိပါပြီ။ ကျောင်းအပ်လက်ခံမှု ရက်သတ္တပတ် ပြီးဆုံးသွားပေမယ့် ကျောင်းအပ်နှံမယ့် ကျောင်းသား ကျောင်းသူတွေ ရှိနေမယ်ဆိုရင် ဆက်လက်လက်ခံပေးသွားမှာဖြစ်ပါတယ်။ ကလေးတွေရဲ့ ရှေ့ရေးကို တွေးပြီး မိဘတွေအနေနဲ့ ကျောင်းကိုရောက်အောင် ပို့ဆောင်ပေးဖို့လိုအပ်ပါတယ်။ ကလေးတွေ ကျောင်းမှာအဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ဖို့အတွက် ကျောင်းမဖွင့်ခင်ကတည်းက ဆောင်ရွက်ထားပါတယ်။ စာသင်ခန်း၊ စာသင်ခုံတွေ ပြင်ဆင်ထားတဲ့အပြင် ကျောင်းဥပဓိရုပ်ကောင်းမွန်ဖို့အတွက်လည်း စီမံဆောင်ရွက်ထားပါတယ်။ ကလေးမိဘတွေအနေနဲ့ မိမိတို့သားသမီးပညာရေးကို အလေးထားပြီး ကျောင်းအပ်နှံကြဖို့ ပြောကြားလိုပါတယ်” ဟု ပြောသည်။

မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ ဆောင်ရွက်ခဲ့သည့် ကျောင်းအပ်နှံရေး ရက်သတ္တပတ်၌ ကျောင်းအပ်လက်ခံခဲ့ရာတွင်လည်း မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမပြုဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက “ ဒီနှစ်မှာ ကျွန်တော်တို့ ကျောင်းအနေနဲ့လည်း ကျောင်းသား ကျောင်းသူ ၃၀၀၀ ကျော် လက်ခံပြီးဖြစ်ပါတယ်။ ဇွန်လ တစ်လလုံးလည်း ကျောင်းအပ်လက်ခံသွားမှာ ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ကြတဲ့ ကလေးတွေဆိုရင်လည်း ဒီနှစ်မှာ ကျောင်းပြန်တက်ကြတဲ့အတွက် ဝမ်းသာမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာရေးဆိုတာ သတ်မှတ်တဲ့အသက်နဲ့ ကိုက်ညီတဲ့အတန်းမှာ တက်ရောက်ပညာသင်ကြားနေဖို့လိုပါတယ်။ ဒီလိုမျိုး မိဘပြည်သူတွေအနေနဲ့ ကျွန်တော်တို့ စာသင်ကျောင်းတွေမှာ အင်တိုက်အားတိုက် ပညာရေးကို အားပေးကြတဲ့အတွက်လည်း ကျေးဇူးတင်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့လည်း အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်” ဟုပြောသည်။

ကျောင်းသားမိဘ တစ်ဦးကလည်း “ကျွန်မကလေးကတော့ ဒီနှစ် Grade-11 မှာ ပညာသင်ကြားရမှာဖြစ်ပါတယ်။ ကလေးကျောင်းမှာအဆင်ပြေစွာ ပညာသင်ကြားနိုင်ဖို့ သေချာဆောင်ရွက်ပေးသလို ကျောင်းအနေနဲ့လည်း ကျောင်းသုံးဖတ်စာအုပ်တွေ၊ စာရေးကိရိယာတွေကို အခမဲ့ပေးတဲ့အတွက် အဆင်ပြေပါတယ်။ ဒီလို အခမဲ့ပညာရေးစနစ်ကို သဘောကျပါတယ်။ ဒါကြောင့် တခြားမိဘတွေအနေနဲ့လည်း မိမိတို့ ကလေးတွေကို ကျောင်းအပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်” ဟုပြောသည်။

ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာဖြင့် ပညာသင်ကြားနိုင်ရန်အတွက်လည်း မန္တလေးမြို့ရှိ အဓိကလမ်းမကြီးများနှင့် နီးစပ်သည့် ကျောင်းများ၌ မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သက်ဆိုင်ရာ မြို့နယ်များအလိုက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကျောင်းတွင်း၊ ကျောင်းပြင် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၉၅၀ ၊ ကိုယ်ပိုင်ကျောင်းပေါင်း ၂၃၇ ကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၃၀၆ ကျောင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **မောင်အေးချမ်း**



# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မန္တလေးတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိ

နေပြည်တော် ဇွန် ၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးတက္ကသိုလ်၌ ဘာသာရပ်ဆိုင်ရာ သင်တန်းများကို ပို့ချပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းမှ စတင်၍ သက်ဆိုင်ရာ ဘာသာရပ်အလိုက် အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း မန္တလေးတက္ကသိုလ်(သင်တန်းရေးရာဌာန)မှ သိရသည်။

အဆိုပါ မန္တလေးတက္ကသိုလ်တွင် ပထမနှစ် (ဒုတိယနှစ်ဝက်)၊ ဒုတိယနှစ်(ဒုတိယနှစ်ဝက်)၊ တတိယနှစ် (ပထမနှစ်ဝက်)နှင့် (ဒုတိယနှစ်ဝက်)၊ ပထမနှစ်ဂုဏ်ထူးတန်း (ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်)၊ ဒုတိယနှစ်ဂုဏ်ထူးတန်း (ဒုတိယနှစ်ဝက်) နှင့် တတိယနှစ်ဂုဏ်ထူးတန်း (ဒုတိယနှစ်ဝက်)၊ စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)၊ မဟာအရည်အချင်းစစ် (ဒုတိယနှစ်ဝက်)၊ မဟာပထမနှစ် (ပထမနှစ်ဝက်) နှင့် (ဒုတိယနှစ်ဝက်)၊ မဟာဒုတိယနှစ် (ဒုတိယနှစ်ဝက်)၊ ပါရဂူ(ပထမနှစ်)၊ ပါရဂူ (ဒုတိယနှစ်)၊ ပါရဂူ (တတိယနှစ်)၊ ပါရဂူ(စတုတ္ထနှစ်)စသည့် ဘွဲ့ကြို၊ ဘွဲ့လွန်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားလျက်ရှိ

နေပြည်တော် ဇွန် ၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနနှင့် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ယနေ့တွင် စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ယနေ့တွင် နည်းပညာတက္ကသိုလ် ၃၅ ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၂၆ ကျောင်း၊ အစိုးရနည်းပညာကောလိပ် လေးကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၃၁ ကျောင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများ တစ်ပြိုင်နက်တည်း စတင်ဖွင့်လှစ်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၏ ဒုတိယစာသင်နှစ်ဝက် သင်တန်းများဖွင့်လှစ်



နေပြည်တော် ဇွန် ၃

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် (သန်လျင်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယနှစ်ဝက် သင်တန်းများကို ယနေ့တွင် စတင်ဖွင့်လှစ်သည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ ဘွဲ့ကြိုအင်ဂျင်နီယာဘာသာရပ်ခြောက်ခုဖြစ်သည့် ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာဘာသာရပ်၊ ရေကြောင်းအင်ဂျင်နီယာဘာသာရပ်၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်ဘာသာရပ်၊ ဆိပ်ကမ်းအင်ဂျင်နီယာ ဘာသာရပ်၊ မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာဘာသာရပ်၊ ရေကြောင်းစက်မှု အင်ဂျင်နီယာ ဘာသာရပ်နှင့် ရေကြောင်းသိပ္ပံဘာသာရပ်များတွင် ဘွဲ့ကြိုကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၇၇ ဦး တက်ရောက်လျက်ရှိပြီး ဘွဲ့လွန်ဒီပလိုမာဘာသာရပ်သုံးခုဖြစ်သည့် သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှု၊ ဆိပ်ကမ်းစီမံခန့်ခွဲမှုနှင့်ထောက်ပံ့သယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲမှုတို့တွင် ကျောင်းသား ကျောင်းသူ ၆၆ ဦးနှင့် ထောက်ပံ့ပို့ဆောင်ရေးနှင့်လုပ်ငန်းကွန်ရက်ချိတ်ဆက်ရေးစီမံခန့်ခွဲမှု မဟာသိပ္ပံ သင်တန်းတွင် ကျောင်းသား ကျောင်းသူ ၅၁ ဦး တက်ရောက်လျက်ရှိသည့်အတွက် စုစုပေါင်း ဘွဲ့ကြို/ဘွဲ့လွန် ကျောင်းသား ကျောင်းသူ ၁၀၉၄ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကလေးတွေကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွေကို ကျောင်းမဖွင့်ခင်ကတည်းက စီစဉ်ဆောင်ရွက်ထားရှိ

ဒေါက်တာစန္ဒာမြငြိမ်း

တွေ့ဆုံမေးမြန်း -မေချို
ဓာတ်ပုံ- ချိုကြီး

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိသတ်မှတ်ကာ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံခဲ့ကြပြီး ယနေ့ ဇွန် ၃ ရက်တွင် အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပညာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများအား မေးမြန်းထားမှုများကို ပြန်လည် ဖော်ပြလိုက်ပါသည်-


ဒေါက်တာစန္ဒာမြငြိမ်း


ဒေါ်နုနုအေး


ဦးအောင်မျိုးကျော်


ဒေါ်နှင်းဝတ်ရည်


ဒေါ်နီလာဝင်းမောင်


ဒေါ်အိအိဖြိုး


ဒေါ်အေးမြသီတာ


ဒေါ်ကေသီအောင်

**ဒေါက်တာစန္ဒာမြငြိမ်း**
**အထက(၁) ဒဂုံ ကျောင်းအုပ်ဆရာမကြီး**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာဆိုရင် ဇွန်လ ၃ ရက် တနင်္လာနေ့မှာ ကျောင်းစတင်ဖွင့်လှစ်ပြီဖြစ်ပါတယ်။ အထက(၁)ဒဂုံက နှစ်ချိန်ကျောင်းဖြစ်ပါတယ်။ နံနက်ပိုင်း ၇ နာရီကနေ ၁၂ နာရီအထိက Grade 8 ကနေ Grade 12 တက်ရပါတယ်။ နေ့လယ်ပိုင်း ၁၂ နာရီကနေ ညနေ ၅ နာရီအထိက KG ကနေ Grade 7 အထိတက်ရပါတယ်။ ဒီနှစ်ပညာသင်နှစ်မှာ ကျောင်းသား ကျောင်းသူ မူ၊ လယ်၊ ထက် ၃၁၀၀ ရှိပါတယ်။ ဆရာ ဆရာမက ၁၀၁ ဦးနဲ့ သင်ရိုးသစ်တွေနဲ့အညီ ကလေးတွေကိုဘက်စုံဖွံ့ဖြိုးတိုးတက်အောင် သင်ကြားသင်ယူမှု လုပ်ငန်းစဉ်တွေအောင်မြင်အောင် ကျောင်းမဖွင့်ခင်ကတည်းက စီစဉ်ဆောင်ရွက်ပြီး ကျောင်းစဖွင့်တဲ့နေ့မှာ သင်ချိန်အပြည့် သင်နိုင်အောင် စီမံဆောင်ရွက်ထားပါတယ်။ အထက(၁) ဒဂုံအနေနဲ့ မြို့နယ်ပညာရေးမှူး၊ မိတ်ဖက်ဌာနများ၊ ကျောင်းမိဘဆရာ အကျိုးတော်ဆောင်များ၊ ရပ်ရွာပြည်သူလူထုတွေနဲ့ပူးပေါင်းပြီး သင်ယူမှုပတ်ဝန်းကျင်ကောင်း၊ လုံခြုံဘေးကင်းသောကျောင်း၊ ကလေးပျော်ကျောင်း၊ ဆရာပျော်ကျောင်းဖြစ်အောင် ပူးပေါင်းဆောင်ရွက်ကာ ကလေးတွေကိုပြုစုပျိုးထောင်လျက်ရှိပါတယ်။ သင်ချိန်အနေနဲ့ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ သင်ချိန်အတိုင်း ဘာသာရပ်တွေကိုခွဲဝေပြီး သင်ကြားသင်ယူမှု လုပ်ငန်းစဉ်ကို လုပ်ဆောင်နေပါတယ်။ ဒါ့အပြင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေအတွက် ဝါသနာအသင်းအဖွဲ့တွေကို ဆရာ ဆရာမတွေနဲ့ဖွဲ့စည်းပြီး ကျောင်းသား ကျောင်းသူတွေရဲ့ ဗီဇ ဝါသနာပါတာတွေကို အခြေခံပညာအဆင့်မှာတင်ပဲ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

**ဒေါ်နုနုအေး**
**အထက(၁)ဒဂုံ ကျောင်းအနုပညာတာဝန်ခံ**

အနုပညာတာဝန်မှာ ကျွန်မတို့ကျောင်းက ဘက်စုံဖွံ့ဖြိုးရေးမှာပါတဲ့အတွက် သံစုံတီးဝိုင်း၊ ဘင်ခရာ၊ ဆို၊ က၊ ရေး၊ တီးတွေကို လေ့ကျင့်ပေးရပါတယ်။ ဒီနှစ်မှာ ကဗျာလွတ်အကကို သင်ကြားပေးပါမယ်။ ပြိုင်ပွဲလည်း ဝင်ပါမယ်။ ငယ်ရွယ်စဉ်အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူတွေကစပြီး ဗီဇဝါသနာအထုံရှိတာတွေကို လေ့ကျင့်ပျိုးထောင်ပေးပါတယ်။ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေမှာလည်း ရွှေတံဆိပ်ဆုတွေနဲ့တိုင်းဒေသကြီးအဆင့် ပထမ၊ ဒုတိယ၊ တတိယဆုတွေရရှိခဲ့ပါတယ်။ ပန်းချီထူးချွန်ကျောင်းသား ကျောင်းသူတွေလည်း အတန်းစုံမှာရှိပြီး ပါဝင်ဆောင်ရွက်လျက်ရှိကြပါတယ်။

**ဦးအောင်မျိုးကျော်**
**အထက(၁)ဒဂုံ အားကစားတာဝန်ခံဆရာ**

အားကစားတာဝန်ခံဖြစ်တဲ့အတွက် KG ကနေ Grade 12 အထိ အားကစားနဲ့ပတ်သက်တဲ့ပြိုင်ပွဲဝင်ဖို့အတွက် အကုန်တာဝန်ယူရပါတယ်။ အဓိကက ဒီနှစ်မှာ ကျောင်းသား အားကစားပွဲတော်အတွက် အားကစားနည်း ငါးမျိုးသင်ကြားပေးဖို့သိထားပါတယ်။ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘောပြိုင်ပွဲတွေ ပါဝင်မယ်။ ကလေးတွေကို အခုကတည်းက ရွေးချယ်သင်ကြားပေးဖို့ စီစဉ်ထားပါတယ်။ နေပြည်တော် ကျောင်းသား အားကစားပွဲတော် အထိရောက်အောင် လေ့ကျင့်သင်ကြားပေးပါမယ်။ ကာယအချိန်တွေမှာ အတန်းလိုက်ပြဋ္ဌာန်းထားတဲ့ အားကစားနည်းတွေကို ကာယသင်ခန်းစာတွေနဲ့ သင်ရိုးမာတိကာတွေနဲ့ ကလေးတွေကို သင်ကြားပါမယ်။ မူလတန်းအဆင့်ဆိုရင် ကိုယ်လက်ကြံ့ခိုင်ရေး ကာယအတွဲ(၁)(၂)၊ အလယ်တန်းအဆင့်နဲ့ အထက်တန်းအဆင့်ဆိုရင် ကာယအမှတ်စဉ် အတွဲ(၃) (၄) သင်ကြားပါမယ်။ နွေရာသီအားကစားသင်တန်းရှိတယ်။ ဝူရှူး၊ တိုက်ကွမ်ဒို၊ ဘတ်စကက်ဘော၊ ဘောလုံး၊ အေရိုးဗစ်သင်တန်းတွေ ကျောင်းရဲ့ကာယချိန်တွေမှာ ဝါသနာပါရာ အသင်းအဖွဲ့တွေဖွဲ့စည်း လှုပ်ရှားဆောင်ရွက်လေ့ကျင့်ပေးပါတယ်။ ပြိုင်ပွဲတွေမှာလည်း ဆုတံဆိပ်တွေရရှိပါတယ်။

**ဒေါ်နှင်းဝတ်ရည်**
**စာကြည့်တိုက်မှူးဆရာမ**

ကျွန်မတို့ကျောင်းမှာ စာပေကဏ္ဍအတွက် မိုဘိုင်းစာကြည့်တိုက်တွေရှိသလို e-library စာကြည့်တိုက်တွေလည်းရှိတယ်။ ဒီအတွက်ကြောင့် အတန်းတစ်တန်းကို တစ်ပတ်ကို စာသင်ချိန် တစ်ချိန်စီ စာကြည့်တိုက်ကိုမဖြစ်မနေဆင်းရမယ်ဆိုပြီး ရေးဆွဲထားတယ်။ စာကြည့်တိုက်နဲ့ပတ်သက်ပြီး ကလေးတွေဗဟုသုတရစေမယ့်စာတွေ၊ ပြင်ပစာပေတွေ၊ ကျောင်းတွင်းသင်ရိုးနဲ့ဆက်စပ်စာပေတွေပါတဲ့စာအုပ်စာတမ်းတွေ အများကြီးပံ့ပိုးပေးထားပါတယ်။ စာအုပ်တွေနဲ့ပတ်သက်ပြီး စာပေကဏ္ဍနှစ်ခုရှိတဲ့အတွက် သုတ၊ ရသစာပေ နှစ်မျိုးလုံးထားရှိပါတယ်။ သီးသန့်စာဖတ်နေရာလေးတွေကိုစာကြည့်တိုက်ထဲမှာထည့်ပေးထားပါတယ်။

**ဒေါ်နီလာဝင်းမောင်**
**ကျောင်းကျန်းမာရေးတာဝန်ခံ**

ကျွန်မက ကျောင်းကျန်းမာရေးတာဝန်ခံဆိုတော့ ကျောင်းမှာရှိတဲ့ မုန့်ဈေးတန်းရောင်းတာတွေ၊ ကျောင်းသန့်ရှင်းရေးတွေ၊ အမှိုက်ကို စနစ်တကျစွန့်ပစ်တာတွေရယ်၊ ကလေးတွေကို ကိုဗစ်ကာကွယ်ဖို့ လက်ဆေးတာကအစ အကုန်လုံးတာဝန်ယူရပါတယ်။ ကျောင်းမုန့်ဈေးတန်းမှာဆိုရင် ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေ ဖြစ်ဖို့အတွက် ဈေးရောင်းချတဲ့သူတွေကို ကျန်းမာရေးနဲ့ညီညွတ်အောင် ဆေးစစ်တာတို့၊ တစ်ကိုယ်ရေသန့်ရှင်းရေးတွေကိုပါ အကုန်လုံး စိစစ်ပေးရပါတယ်။ ကလေးတွေမုန့်ဈေးတန်းမှာစားရင် အာဟာရမျှတအောင် တန်ဖိုးလည်းနည်း၊ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေဖြစ်ဖို့ အဓိကထားတယ်။ အဓိကက တစ်ကျောင်းလုံးသန့်ရှင်းရေးအတွက်ကလည်း အဓိကဖြစ်ပါတယ်။ ကလေးတွေ သွေးလွန်တုပ်ကွေးမဖြစ်အောင်လည်း ဂရုစိုက်ပေးရပါတယ်။

**ဒေါ်အိအိဖြိုး**
**ဗုဒ္ဓဘာသာအသင်းတာဝန်ခံ**

မူလတန်းအဆင့်ကလေးတွေကို ၃၈ ဖြာ မင်္ဂလာကဗျာတွေ သင်ပေးပါတယ်။ ပြိုင်ပွဲလည်းရှိပါတယ်။ မင်္ဂလာတရားနဲ့အညီ ကျင့်ကြံနေထိုင်နိုင်အောင်လည်း ဆရာမတွေက ကလေးတွေကို သွန်သင်ဆုံးမပါတယ်။ အလယ်တန်းနဲ့ အထက်တန်းအဆင့်မှာဆိုရင် ပညာရေးဌာနကကျင်းပတဲ့ ဓမ္မစကြာနဲ့ပဋ္ဌာန်းပြိုင်ပွဲတွေရှိပါတယ်။ အဲဒီအတွက် ကလေးတွေကို လေ့ကျင့်သင်ကြားပေးပါတယ်။ အဲဒီကနေ ထူးချွန်ထက်မြက်ပြီး ယဉ်ကျေးလိမ္မာတဲ့ နိုင်ငံ့သားကောင်းတွေဖြစ်အောင်အထိ ရည်ရွယ်ပြီးလေ့ကျင့်သင်ကြားပေးပါတယ်။ ဝါဆို၊ ကထိန်ဆိုရင် အလယ်တန်း၊ အထက်တန်းအဆင့်ကလေးတွေနဲ့အတူတူ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကုသိုလ်ယူကြတယ်။ အများနဲ့စုပေါင်းဆောင်ရွက်တတ်တဲ့ စိတ်ဓာတ်တွေလည်းရှိလာတယ်။ ဘာသာတရားအဆုံးအမတွေနဲ့ ရင်းနှီးပြီး ငယ်စဉ်ကတည်းက ဘာသာတရားနဲ့ ဆရာတော်၊ သံဃာတော်တွေကို ယုံကြည်လေးစားမှုရှိအောင် လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

**ဒေါ်အေးမြသီတာ**
**ဘာသာရပ်တာဝန်ခံ**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာ အင်္ဂလိပ်စာဘာသာရပ်အနေနဲ့ KG + Grade 12 အတန်းတိုင်းမှာ အင်္ဂလိပ်စာဘာသာရပ်ကိုသင်ကြားရမှာဖြစ်ပါတယ်။ အဲဒီထဲကမှ အထူးအားဖြင့် Grade 5 နဲ့ Grade 9 မှာလည်း အင်္ဂလိပ်စာ 4 skills အနေနဲ့ စာမေးပွဲမေးခွန်းတွေမှာ တိုင်းစစ်၊ ခရိုင်စစ်က ထည့်သွင်းစစ်ဆေးတဲ့အတွက်ကြောင့် ဒါတွေကို ဒီနှစ်အလေးထား ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီအတိုင်းပဲ Grade 5 နဲ့ Grade 9 အပြင် တခြားသော အတန်းတွေမှာလည်း အင်္ဂလိပ်စာ 4 skills ကိုထည့်သွင်းသင်ကြားဖို့ ပြဋ္ဌာန်းစာအုပ်မှာ ပါတဲ့အတွက်ကြောင့် အစီအစဉ်အသစ်တွေနဲ့ အင်္ဂလိပ်စာနဲ့ပတ်သက်တဲ့ Project, Presentation တွေကို အတန်းလိုက်၊ အဖွဲ့လိုက်ဆောင်ရွက်ကြမှာဖြစ်ပါတယ်။

**ဒေါ်ကေသီအောင်**
**ကွန်ပျူတာတာဝန်ခံ**

ကွန်ပျူတာပိုင်းဆိုင်ရာ နည်းပညာတွေကို ကျောင်းစာတွေနဲ့အပြင် သင်ထောက်ကူအဖြစ် တွဲဖက်သင်ကြားပေးပြီး National ICT Award ပြိုင်ပွဲတွေ၊ နိုင်ငံတကာ Website ပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ဒီကျောင်းကနှစ်တိုင်းလိုလို ဆုတွေရရှိခဲ့ပါတယ်။ နွေရာသီဆိုရင် ကွန်ပျူတာသင်တန်းတွေဖွင့်တယ်။ ဒီနှစ်မှာ ထူးထူးခြားခြား Pagodas Digital Directory Website သင်တန်းကို ဒီကျောင်းမှာလာပို့ချတဲ့အခါ ကျောင်းသား ကျောင်းသူ ၁၅ ဦး တက်ရောက်ခဲ့ပါတယ်။ National ICT Award ပြိုင်ပွဲဆိုရင် မူ၊ လယ်၊ ထက်ခွဲထားတယ်။ မူလတန်းဆိုရင် ကွန်ပျူတာ Skill ကိုတတ်အောင်သင်ပြီး အလယ်တန်းအဆင့်မှာဆိုရင် Project ပြိုင်ပွဲတွေ၊ အထက်တန်းဆိုရင် သင်ရိုးနဲ့ပတ်သက်တဲ့ Project ပြိုင်ပွဲတွေကို သင်ကြားပေးရပါတယ်။ ဒါ့အပြင် သူတို့လေးတွေအတွက် နည်းပညာနဲ့ရင်းနှီးမှုရှိစေဖို့ အပတ်စဉ်တိုင်း ကျောင်းမှာ Application Software ဖြစ်တဲ့ Microsoft Word တို့၊ Excel တို့၊ Power Point တို့ စသဖြင့် အင်တာနက်ကအစ Download လုပ်ပြီးကြည့်ရှုနိုင်အောင် ကွန်ပျူတာခန်းမှာ သင်ကြားပေးပါတယ်။

# ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင်ရောင်းချနေသူများအား ဖော်ထုတ် ဖမ်းဆီး အရေးယူ

တရားမဝင် ကွန်ဒိုတိုက်ခန်းရောင်းချခဲ့သည့် Minn Thu ကုမ္ပဏီမှ တရားခံနှစ်ဦး



အောင်ကျော်ထွန်း (ဒါရိုက်တာ)



မင်းသူကျော် (ထွက်ပြေးတိမ်းရှောင်) (အထွေထွေမန်နေဂျာ)

ပြည်ပနိုင်ငံများရှိ ကွန်ဒိုတိုက်ခန်းများကို တရားမဝင် ပြည်ပဘဏ်ငွေစာရင်းများဖွင့်လှစ်၍ ဝယ်ယူထားသည့် တရားခံများ



နေမျိုးဟန်



မင်းထွန်း



မြတ်မြတ်မွန်

**နေပြည်တော် ဇွန် ၃**

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိရာတွင် ဝိသမသမား စီးပွားရေးလုပ်ငန်းရှင် အချို့မှာ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကိုသာ ရှေးရှုပြီး နိုင်ငံတော်၏စီးပွားရေး၊ ငွေကြေးဈေးကွက် ကမောက်ကမ ဖြစ်စေရန်ရည်ရွယ်၍ ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင်အရောင်းအဝယ်ပြုလုပ်ခြင်း၊ လူမှုကွန်ရက်မီဒီယာများမှ ဆွဲဆောင်စည်းရုံး ရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် သက်ဆိုင်ရာလုံခြုံရေး အဖွဲ့အစည်းများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

စုံစမ်းဖော်ထုတ်ချက်များအရ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် (၅၁)လမ်းအထက် အမှတ်(၁၅၅/၁၅၇) (၈)လွှာ၌ ရုံးခန်းဖွင့်လှစ်ထားသည့် Minn Thu ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော်တို့နှစ်ဦးသည် ထိုင်းနိုင်ငံမှ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင် ရောင်းချလျက်ရှိကြောင်း သိရှိရသည့်အတွက် လုံခြုံရေး အဖွဲ့အစည်းများက ကုမ္ပဏီ တာဝန်ရှိသူများနှင့် ဆက်စပ်တရားခံများအား ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ Minn Thu ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော်(ထွက်ပြေးတိမ်းရှောင်) တို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင်ရောင်းချရန် သက်ဆိုင်ရာသို့ သတင်းပေးပို့ခွင့်ပြုချက်ရယူခြင်း မရှိဘဲ အရောင်းပြပွဲများကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ နှစ်ကြိမ်တိုင်တိုင်ပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် ကွန်ဒိုတိုက်ခန်း ဝယ်ယူသူများက ပေးချေသည့် မြန်မာကျပ်ငွေများကို လက်ခံရယူပြီး ထိုင်းနိုင်ငံသို့ တရားမဝင် ဟွန်ဒီလုပ်ငန်းများမှ ငွေကြေးများ လွှဲပြောင်းပေးခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

ထို့ပြင် Minn Thu ကုမ္ပဏီမှ ရောင်းချခဲ့သည့် ပြည်ပနိုင်ငံရှိ တိုက်ခန်းများကို တရားမဝင် ဝယ်ယူထားသည့် ဦးနေမျိုးဟန်၊ ဦးမင်းထွန်းနှင့် ဒေါ်မြတ်မြတ်မွန်တို့ သုံးဦးသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ထိုင်းနိုင်ငံရှိဘဏ်များ၌ တရားမဝင်ဖွင့်လှစ်ထားသည့် ၎င်းတို့၏ ဘဏ်ငွေ စာရင်းများမှတစ်ဆင့် တိုက်ခန်းဖိုးငွေကြေးများ လွှဲပြောင်းပေးချေခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

သို့ဖြစ်၍ ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများကို တရားမဝင် ရောင်းချခြင်းနှင့် တရားမဝင်ဟွန်ဒီလုပ်ငန်းမှ ငွေကြေးလွှဲပြောင်းခြင်းများဆောင်ရွက်ခဲ့သူ Minn Thu ကုမ္ပဏီမှ တရားခံ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့်အထွေထွေမန်နေဂျာ ဦးမင်းသူကျော် (ထွက်ပြေးတိမ်းရှောင်) တို့အားလည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ပြည်ပနိုင်ငံများ၌ ဘဏ်ငွေစာရင်းများ တရားမဝင်ဖွင့်လှစ်ထားသည့် တရားခံ ဦးနေမျိုးဟန်၊ ဦးမင်းထွန်းနှင့် ဒေါ်မြတ်မြတ်မွန်တို့အားလည်းကောင်း၊ ပြည်ပနိုင်ငံတွင် တရားမဝင် တိုက်ခန်းဝယ်ယူထားသူများအားလည်းကောင်း စိစစ်၍ ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ပြည်ပနိုင်ငံများရှိ ကွန်ဒိုတိုက်ခန်းများကို အွန်လိုင်းမှတစ်ဆင့် တရားမဝင်ရောင်းချနေသည့် အခြားကုမ္ပဏီများနှင့် ဝယ်ယူသူများအား ဆက်လက်စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် မိဘပြည်သူများအနေဖြင့် ထိုကဲ့သို့ တရားမဝင်ပြည်ပနိုင်ငံရှိတိုက်ခန်း အရောင်းအဝယ် ပြုလုပ်နေသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေး အဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့ပါရန် အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# အမျိုးသမီးများကို အတင်းအကျပ်စစ်မှုထမ်းဆောင်ရန် စတင်စုဆောင်းနေသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စစ်မှုထမ်းဆောင်ရန်အတွက်




အမျိုးသမီးများကို အတင်းအကျပ် စတင်စုဆောင်းနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ စစ်မှုထမ်းဆောင်ရန် အမျိုးသမီးများကို စတင်စုဆောင်းနေသည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစပြီး ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် အထင်အမြင်လွဲမှားစေရန်အတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်သည့် ကောလာဟလ သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိရာ ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၆-၂၀၂၄ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ အွန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေါရွှဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ" (၂၀၂၄ခုနှစ်၊ မေလ) (တတိယပိုင်း)
- ၀၉:၂၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ 'တူညီဝတ်စုံဝတ်လို့ရယ်... ကျောင်းကိုသွားကြမယ်'
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၆၅)
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ငမျှော်လင့်ခြင်းအိပ်မက်' (အပိုင်း-၂၀)
- ၁၅:၃၀ Weekly MNL Review
- ၁၆:၄၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၇:၁၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၃၅ 'ရွှေပဝတဲ့..မြို့အလှ'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ငမျှော်လင့်ခြင်းအိပ်မက်' (အပိုင်း-၂၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၁၀)
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း-၇) (မင်းသွေးခန့်၊ မင်းအာဏာ၊ ဟိန်းကိုကိုကျော်၊ ပိုင်စစ်မှူး၊ သုတဦး၊ ဆောင်းယွန်းစံ၊ ရွှေရင်အေး၊ လင်းလက်ခွန်းချို) (ဒါရိုက်တာ-ရာဇဝင်ကို)

### mitv

- 07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
- 07:11 The Recycle Art: Tyre
- 07:26 Wushu Kids & Their Limit (Ep-3)
- 07:42 The Lapidarist
- 08:01 News
- 08:26 Topics Potpourri; Puducherry A Melting Pot of Cultures
- 08:32 Shwezigon Pagoda
- 09:01 The Great Po Sein
- 09:26 Snake Dancer
- 09:34 Dances of Myanmar: Rvwang Azulam Dance
- 09:38 Yangon Markets: Nyaung Pin Lay Market
- 09:46 People's Military Service Law
- 10:01 News
- 10:276 Lifestyle & Entertainment (Weekly Updates)

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
လုပ်အားပါလေတောင်တိုင်မြေ

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၁)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
စားချင်စဖွယ်ကချင်ဆာဖြယ်

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
အဏ္ဏာရီဆန်တဲ့ကြတ်ဂူဆီသို့

**ပအိုဝ်း / ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ပျားရည်နှင့်ကြက်သွန်ဖြူကပေးသောကျန်းမာရေး

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ဧရာဝတီရဲ့အရှိုင်းဆန်တဲ့အလှငေါ်ရန်ဂျီ (အပိုင်း-၃)

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ရိုးရာအိမ်ချက်ဟင်းတစ်ခွက်

**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
နလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ

**ချင်း (ခြိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ကျုံလောင်းကျေးရွာလုံယူးပွဲ

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ရာမညမြေမှအလှတရားများ (အပိုင်း-၁)

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၂)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၄၅ နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၈:၃၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ"
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ)
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၀၀ "ရွှေသို့ချိုမည်....ပန်းတိုင်ဆီ" (အပိုင်း-၆)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ နိုင်ငံ့စီးပွားမြင့်မားဖို့စိုက်ပွေးကဏ္ဍမြှင့်တင်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Puss in Boots: The Last Wish (2022) (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ ငပွေး (ဇာတ်လမ်း)
- ၂၃:၃၀ An Extreme Heat Garden Update: July 2023

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၀၀ အားကစားလောကထဲကသူတို့အကြောင်း
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်အောင်ပြုလုပ်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် ဇွန် ၃

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသားများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အနှောင့်အယှက်အဟန့်အတားဖြစ်စေရန်ရည်ရွယ်၍ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်စေရန် လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ဝါဒဖြန့်ချီ စျေးကစားခြင်း၊ ထို့အပြင် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရှိသည့် Money Changer အချို့သည်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းသတ်မှတ်ချက်များအားချိုးဖောက်၍ နိုင်ငံခြားငွေလဲလှယ်နှုန်းများအား စျေးကစားပြီး နိုင်ငံ့စီးပွားရေး မငြိမ်မသက်ဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်လျက်ရှိသည့် တရားမဝင်နိုင်ငံခြားငွေ အရောင်းအဝယ်ပြုလုပ်နေသူများနှင့် ပွဲစားများအပါအဝင် စုစုပေါင်း တရားခံ ၁၄ ဦးကို ဖော်ထုတ်ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်အောင် နောက်ကွယ်မှ ဆောင်ရွက်လျက်ရှိသည့် တရားခံ ၁၁ ဦးအား ဥပဒေနှင့်အညီ ခေါ်ယူစစ်ဆေးနိုင်ရေးဆောင်ရွက်ခဲ့ရာ ၎င်းတို့သည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ ဖမ်းဆီးခြင်းမခံရစေရန် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်-

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ |  ဘညွန့် | Perfect Green Money changer | အမှတ်(၂၀၄)၊ ဗိုလ်အောင်ကျော်လမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၂ |  ဝဏ္ဏထွန်း | Sun Flower Money changer | အမှတ်(၂၅၉/၂၆၃)၊ ပထမထပ်၊ အနော်ရထာလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရွှေဘုံသာလမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | |
| ၃ |  သက်နောင်ဝင်း | ခရမ်းသုံးခွရွှေဆိုင်နှင့် တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အမှတ်(၁၁၉)၊ ဒုတိယထပ်၊ (၂၉) လမ်း၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၄ |  လှမင်း | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၅ |  အွတ်စမန်(ခ)ဂျက် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အမှတ်(၁၅၄)(၄)လွှာ၊ ဗိုလ်ဆွန်ပက်လမ်း (အလယ်)၊ (၁၀)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၆ |  တင်ကိုဦး(ခ)ဂျွန် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အမှတ်(၇၄၈/က)၊ ကျွန်စစ်သား(၁)လမ်း၊ ကမာကသွယ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၇ |  သန့်ထွန်းအောင် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | ကမာကသွယ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၈ |  ရဲကို(ခ)ဝေမင်းခေါင် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အပေါ်ဘလောက်၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၉ |  ရဲမင်းအောင် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အမှတ်(၅၀၀)၊ သိမ်ဖြူစာတိုက် အနီး၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၁၀ |  အိအိကျော်(ခ)မဝါ | ပွဲစား | အခန်းအမှတ်(၁၀၆)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၁၁ |  တင်ကျော်ကျော်(ခ)အာနီး | ပွဲစား | အမှတ်(၁၄)၊ (၈၈)လမ်း၊ ကန်တော်လေး အနောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | |

ထိုကဲ့သို့ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်လျက်ရှိသည့် ဖမ်းဆီးရမိ တရားခံ စုစုပေါင်း ၁၄ ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် တရားခံ ၁၁ ဦးကိုလည်း ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့် အဆိုပါ ထွက်ပြေးတိမ်းရှောင်နေသည့်တရားခံများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ကြောင်းနှင့် လက်ခံထားသူများကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားစျေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီစျေးနှုန်းများ

၄-၆-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီစျေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၆၅ | ၂၆၄၅ | ၂၆၂၀ | ၂၅၇၅ | ၂၆၄၅ | ၂၆၆၀ | ၂၆၇၀ | ၂၆၂၅ | ၂၇၅၅ | ၂၇၈၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၀၀ | ၂၆၇၀ | ၂၆၀၀ | ၃၀၉၀ | ၄၃၀၀ |
| 95 Ron | ၂၆၆၅ | ၂၇၄၀ | ၂၇၂၀ | ၂၆၇၅ | ၂၇၄၅ | ၂၇၅၅ | ၂၇၆၅ | ၂၇၂၅ | ၂၈၅၅ | ၂၈၈၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၀၀ | ၃၁၉၀ | ၄၄၅၀ |
| HSD (500 ppm) | ၂၃၃၀ | ၂၄၁၀ | ၂၃၈၅ | ၂၃၄၀ | ၂၄၁၀ | ၂၄၂၀ | ၂၄၃၅ | ၂၃၉၀ | ၂၅၂၀ | ၂၅၅၀ | ၂၃၉၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၃၅ | ၂၄၄၅ | ၂၈၅၅ | ၄၄၀၀ |
| HSD (50 ppm) | ၂၃၀၀ | ၂၄၅၅ | ၂၄၃၅ | ၂၃၉၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၀၀ | ၂၄၄၀ | ၂၅၇၀ | ၂၆၀၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၉၀၅ | ၄၄၀၀ |
| HSD (10 ppm) | ၂၃၀၀ | ၂၄၅၅ | ၂၄၃၅ | ၂၃၉၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၀၀ | ၂၄၄၀ | ၂၅၇၀ | ၂၆၀၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၉၀၅ | ၄၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားစျေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၃ | ၂၅၁၅ |
| 95 Ron | ၂၅၂၇ | ၂၆၁၁ |
| HSD (500 ppm) | ၂၂၀၄ | ၂၂၇၇ |
| HSD (50 ppm) | ၂၂၅၁ | ၂၃၂၅ |
| HSD (10 ppm) | ၂၂၅၁ | ၂၃၂၅ |

မှတ်ချက်။ (၁) MOPS စျေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ဘီးလင်းမြို့နယ်၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူလျက်ရှိ

ဘီးလင်း ဇွန် ၃

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ယူလျက်ရှိသည်။

ဘီးလင်းမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၃၅ ကျောင်းရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဘီးလင်းမြို့နယ်တွင် မေ ၂၃ ရက်မှ ဇွန် ၃၁ ရက်အထိ ကျောင်းလာရောက်အပ်နှံထားသူ ၂၆၀၀၇ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၂၃ ခုနှစ် စာအောင်ဆုဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

ပဲခူး ဇွန် ၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယ ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲစာအောင်သံဃာတော်/သီလရှင်များအား စာအောင်ဆုဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၃ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမ္မာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သာသနာရေးဆိုင်ရာများ ဖတ်ကြားလျှောက်ထားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယ ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်ကြသည့် သံဃာတော်များနှင့် သီလရှင် ၂၆၉၃ ပါးတို့အတွက် ဘွဲ့တံဆိပ်တော်နှင့် စာအောင်ဆုများအား စာအောင်သံဃာများနှင့် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသီရိန္ဒ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲနှင့် နိကာယ်စာမေးပွဲတို့၌ ဓမ္မာစရိယအဂ္ဂမဟာအကျော်တစ်ပါး၊ ဓမ္မာစရိယ(ကျမ်းပြီး)၁၆၆ ပါး၊ ဓမ္မာစရိယ(ကျမ်းစွဲ) ၃၄၉ ပါး၊ တိပိဋကဓရစာမေးပွဲ(ဝိနယဓရ)တစ်ပါး၊ တိပိဋကဓရစာမေးပွဲ(ဥဘတောဝိဘင်္ဂဓရ) တစ်ပါး၊ နိကာယ်စာမေးပွဲ(ဒုတိယ၊ တတိယ၊ အထူးအောင်) လေးပါး၊ နိကာယ် (အုပ်စု-၁၊မဟာဝိဒူ) တစ်ပါး၊ နိကာယ်(ကျမ်းပြီး) ၂၂၆ ပါး၊ နိကာယ်(ကျမ်းစွဲ)၂၇၀၊ ပါဠိပထမပြန် (ပထမကြီးတန်း) အပါး ၉၀၊ ပထမလတ်တန်း ၁၁၈ ပါး၊ ပထမငယ်တန်း ၅၉၀၊ အခြေပြုမူလတန်း ၈၇၆ ပါး စုစုပေါင်း ၂၆၉၃ ပါး အောင်မြင်ခဲ့ကြသည့်အတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က စာအောင်ဆုအလှူငွေကျပ် ၈၃၁၅၀၀၀၀ ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေး

ပုသိမ် ဇွန် ၃

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ကျောင်းနေအရွယ်ကလေးများအားလုံး ရာနှုန်းပြည့် ကျောင်းတက်ရောက်နိုင်ရေးနှင့် စဉ်ဆက်မပြတ် အတန်းကူးပြောင်း ပညာသင်ကြားနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ကျုံပျော်ခရိုင်နှင့် မြန်အောင်ခရိုင်တို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

## ကြည့်ရှုအားပေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် သရက်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်၍ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ အားပေးစကားများပြောကြားခဲ့ပြီး ကျောင်းအပ်နှံမှု၊ ကျောင်းတက်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံပျော်မြို့အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ပိုမိုတက်ရောက် ပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအနေဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရေမြောင်းများ၊ ရေစီးရေလာကောင်းမွန်ရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားကာ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်အောင်ခရိုင် ကြံခင်းမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (ချင်းမြောင်)နှင့် မြန်အောင်မြို့ ထန်းသုံးပင်အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအေးချမ်းစွာ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်အစိုးရအဖွဲ့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများ၊ ထောက်ပံ့ငွေများပေးအပ်ပွဲ ကျင်းပ

လွိုင်ကော် ဇွန် ၃

ကယားပြည်နယ် အစိုးရအဖွဲ့က ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာအဆင့် ဆရာ ဆရာမများ၊ တက္ကသိုလ်တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ၊ အခြေခံပညာအဆင့်သင်ကြားနေသော ဝန်ထမ်းများ၏သားသမီးများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်း သစ္စာရှိရှိဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် မိသားစုဝင်သားငယ် သမီးငယ်များ၏ ပညာရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ အသိအမှတ်ပြုထောက်ပံ့ပေးရခြင်းဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့်လည်း ပြည်နယ်အတွင်း ဗလငါးတန်ပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေးနှင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိပြီး အဘက်ဘက်မှ လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ကျောင်းသား၊ ဆရာ၊ မိဘများနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူအားလုံးက လက်တွဲညီညီဖြင့် ပြည်နယ်အတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များက ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံး ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး အခမ်းအနားတက်ရောက်လာကြသူများကိုယ်စား ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်ကျော်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် ကယားပြည်နယ်အစိုးရအဖွဲ့က ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာအဆင့် ဆရာ ဆရာမများ၊ တက္ကသိုလ်တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ၊ အခြေခံပညာအဆင့်သင်ကြားနေသော ဝန်ထမ်းများ၏သားသမီးများ စုစုပေါင်း ၁၂၅၂ ဦးအတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများ၊ ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်မှု စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၄၄၃၆၀၀၀ ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ပေါ်ကျောင်းများ အေးချမ်းစွာ စတင်ဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုအားပေး



မြစ်ကြီးနား ဇွန် ၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းများအားလုံးကို နိုင်ငံတစ်ဝန်း ယနေ့ နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ပြီး ပညာသင်ကြားလျက်ရှိရာ ကချင်ပြည်နယ် အခြေခံပညာဦးစီးဌာနအောက်ရှိ မြစ်ကြီးနားမြို့ပေါ်မှ အခြေခံပညာ ထက်၊ လယ်၊ မူ ကျောင်းများအားလုံး စတင်ဖွင့်လှစ်၍ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပြည်နယ်ပညာရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ဆရာ ဆရာမ များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပြီး ကျောင်းတက်ရောက်မှုအခြေအနေများနှင့် သင်ကြားရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က Grade-12 ကျောင်းသား ကျောင်းသူများ သင်ကြားနေမှုနှင့် ပညာကို ဂရုစိုက်လေ့လာသင်ကြားကြရေး အားပေးမှာကြားခဲ့သည်။

**ဖွင့်လှစ်သင်ကြားလျက်ရှိ**

ထို့အပြင် ကချင်ပြည်နယ်အတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြစ်ကြီးနားမြို့ပေါ်၌ အခြေခံပညာကျောင်းပေါင်း ၁၃၀ ဖွင့်လှစ်သင်ကြားလျက်ရှိသည့်အပြင် မြစ်ကြီးနားမြို့ပေါ်ရှိ မြစ်ကြီးနားတက္ကသိုလ်တွင်လည်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယနှစ်ဝက်သင်တန်းများနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်အတွက်လည်းကောင်း၊ နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)တွင် ဘာသာရပ်များအလိုက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယနှစ်ဝက်သင်တန်းများနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်သင်တန်းများကို လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)တွင်လည်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်များအတွက် စတင်ဖွင့်လှစ်ပြီးဖြစ်ရာ ဘာသာရပ်များအလိုက်၊ သင်တန်းနှစ်အလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းလုံခြုံစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၅၃၆၇၁၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိ




နေပြည်တော် ဇွန် ၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ယနေ့နံနက်ပိုင်းမှ စတင်ဖွင့်လှစ်နေပြီးဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၅၃၆၇၁၃ ဦး အပ်နှံခဲ့ကြောင်းသိရသည်။ စာသင်ကျောင်းများတွင် သက်ဆိုင်ရာအတန်းအလိုက် သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကို သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ အခမဲ့ထုတ်ပေးပြီး KG နှင့် မူလတန်း ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများလည်း အခမဲ့ပေးအပ်လျက်ရှိသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် စာသင်ခုံများ နေရာချထားခြင်း၊ ကျောင်း ကြို/ပို့ ယာဉ်များ စီစဉ်ပေးခြင်း၊ ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးထားသည်။

ထို့ပြင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြု ပြည်သူလူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက် ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရသည်။

အခုကဲ့သို့ အခြေခံပညာကျောင်းများ ဖွင့်လှစ်ကာ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ၏ စကားသံများကိုလည်း အခုကဲ့သို့ကြားသိရပါသည်-

**ဆရာကြီး ဦးဝင်းမြင့်ဦး၊ ကျောင်းအုပ်ကြီး အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း**

ကျွန်တော်ကတော့ ဆရာကြီး ဦးဝင်းမြင့်ဦးပါ။ တာဝန်ကတော့ အထက (၅) နေပြည်တော်ရဲ့ ကျောင်းအုပ် ဖြစ်ပါတယ်။ ဒီ ၂၀၂၄-၂၅ ပညာသင်နှစ်မှာ ကျောင်းသားတွေအတွက်ဆိုပြီးတော့ နိုင်ငံတော်ကနေ အခမဲ့ပညာရေးအပြင် ဝတ်စုံတွေပေးတယ်၊ ဗလာစာအုပ်တွေပေးတယ်၊ ခဲတံတွေ၊ ဘောပင်တွေ နိုင်ငံတော်ကထောက်ပံ့ပေးနေတာဖြစ်ပါတယ်။ ကျောင်းမအပ်ရသေးတဲ့ မိဘတွေကလည်း ကျောင်းသားတွေကို အမြန်လာအပ်ဖို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ကလည်း ကျောင်းအပ်နှံ ရေးကို မေလ ၂၃ ရက်ကနေ ဇွန်လ ၆ ရက်နေ့အထိ ကျောင်းအပ်လက်ခံတယ် ဆိုပေမဲ့လည်း ဒီဇွန်လအတွင်း လာအပ်ရင်လည်း ကျွန်တော်တို့က အကုန်လက်ခံပေးပါတယ်။ ကျောင်းမအပ်ရသေးတဲ့ မိဘတွေကို ကျောင်းလာအပ်လို့ရပါတယ်လို့ ကျွန်တော်တို့က ဖိတ်ခေါ်ပါတယ်။

**ကျောင်းသားမိဘ**

နိုင်ငံတော်က အခုလို ကျောင်းတွေဖွင့်ပေးတဲ့အတွက် သူ့အရွယ်နဲ့ သူ့အတန်းနဲ့ ပညာသင်ကြားရတဲ့အတွက်ကြောင့် ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကျောင်းမအပ်နှံရသေးတဲ့ကလေးတွေ ကျောင်းအပ်လိုက်မယ်ဆိုရင် အခုလိုပညာသင်ကြားရမယ့် အရွယ်မှာ ပညာသင်ကြားခွင့်ရသွားတဲ့အတွက်ကြောင့် ကလေးအတွက်လည်း တိုးတက်မှုအများကြီးရှိတဲ့အတွက် ကျောင်းမအပ်ရသေးရင်လည်း ကျောင်းအပ်ပေးကြပါလို့၊ အခုအချိန်အထိလည်း အားလုံးကို ကျောင်းအပ်လက်ခံနေပါသေးတယ်လို့ ပြောကြားလိုပါတယ်ရှင့်။ ဖိတ်ခေါ်လိုပါတယ်ရှင့်။

**ကျောင်းသား**

အခုလို ကျောင်းပြန်ဖွင့်ပြီးတော့ အေးအေးချမ်းချမ်း ပညာသင်ကြားရတော့ ကျွန်တော်တို့ကျောင်းသားတွေ သူငယ်ချင်းတွေအချင်းချင်း ပြန်တွေ့ရပြီး ပိုပြီးတော့ လုံ့လဝီရိယရှိရှိနဲ့ သင်ယူနိုင်တယ်။ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့အရာတွေ အကုန်လုံးကို ကျောင်းကနေပြီးတော့ လုံလုံလောက်လောက် ထောက်ပံ့ပေးနိုင်တာရှိပါတယ်ခင်ဗျာ။ ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။

**ကျောင်းသူ**

ကျွန်မကတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနားခရိုင် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှာ ပညာသင်ယူနေတဲ့ နှစ်ထပ်ကွမ်းလူရည်ချွန် ဖြစ်ပါတယ်။ အခုလို ပညာသင်ယူရတဲ့အခါမှာ နိုင်ငံတော်ကနေပြီးတော့ စာအုပ်တွေ၊ ခဲတံ၊ ခဲဖျက် လိုလေသေးမရှိအောင် အစစအရာရာ ထောက်ပံ့ပေးပါတယ်။ သမီးတို့ ပညာသင်ကြားရတဲ့ ကျောင်းသား ကျောင်းသူတွေ ပိုပြီးအဆင်ပြေချောမွေ့အောင်၊ ဒီလိုမျိုး သမီးတို့ကို အစိုးရကျောင်းတွေမှာ အေးအေးဆေးဆေး ပညာသင်ယူနိုင်အောင် အစစအရာရာ စောင့်ရှောက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲများနဲ့တကွ တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်လို့ ပြောလိုပါတယ်။



ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦး



ကျောင်းသားမိဘ



ကျောင်းသား



ကျောင်းသူ

သတင်းစဉ်

# အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်း ဖွင့်ပွဲကျင်းပ

**မန္တလေး ဇွန် ၃**

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)တွင် ကျင်းပရာ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီး၊ နည်းပြများ၊ အားကစားနှင့် ပညာရေး ပေါင်းစပ်အထက်တန်း ကျောင်းမှ ဆရာ ဆရာမများ၊ အလှူရှင်များ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စဉ်ဆက်မပြတ် မွေးထုတ်ပေးရန်**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အတွက် ထူးချွန်သည့် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ်မွေးထုတ်ပေးရန် ရည်ရွယ်၍ အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်ပြည့်မီရေး အားလုံးက တက်ညီလက်ညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက အလှူရှင်များမှ လှူဒါန်းသော စုစုပေါင်း အလှူငွေ ကျပ်သိန်း ၄၃၀ ကို လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က ကျေးဇူးတင်စကား ပြောကြားသည်။




ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နည်းပြများနှင့် သင်တန်းသား သင်တန်းသူများကို ရင်းနှီးစွာနှုတ်ဆက်ပြီး အားကစားနည်းအလိုက် လေ့ကျင့်ရေး အားကစားပစ္စည်းများကို လိုက်လံကြည့်ရှုကြသည်။

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၏ အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းကို ၂၀၀၂ ခုနှစ် ဇွန် ၁ ရက်မှစတင် ဖွင့်လှစ်ခဲ့ပြီး ၂၂ နှစ်ကာလအတွင်း နိုင်ငံ့လက်ရွေးစင် ၁၁၂၉ ဦးအား မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့မှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများကို ရှာဖွေဖော်ထုတ်ပြီး လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ယခုဖွင့်လှစ်သည့်သင်တန်းတွင် အားကစားနည်း ၁၃ နည်း သင်တန်းသား သင်တန်းသူ ၂၇၀ အား လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်ရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်




**နေပြည်တော် ဇွန် ၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ ကျောင်းသား ကျောင်းသူများအတွက် ပထမအကြိမ် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းများတွင် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းများတွင် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ ဝါစိုက်တောင်သူများနှင့်တွေ့ဆုံ

**နေပြည်တော် ဇွန် ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာသို့ ရောက်ရှိပြီး ရှားတောစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းနှင့် စံပြဝွေးပင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းတို့မှ အသင်းအမှုဆောင်များ၊ အသင်းသား ဝါစိုက်တောင်သူများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက တပ်ကုန်းမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် ဝါစိုက်ပျိုးနေမှု အခြေအနေကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမအသင်းသားတောင်သူများထံ သွင်းအားစုများ ထောက်ပံ့ပေးရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်တွင် ဝါစိုက်ပျိုးရေး သမဝါယမအသင်းများက မိုးဝါ ၁၂၁၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ရာ RAKA-666 ဝါမျိုးစေ့များ၊ ကွန်ပေါင်းနှင့် ယူရီးယားဓာတ်မြေဩဇာများကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ဇေယျာသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့ရှိ



ဝါစိုက်ဧကများအတွက်လည်း အလားတူ ဝါမျိုးစေ့နှင့် ဓာတ်မြေဩဇာများ အချိန်မီရရှိအောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထွက်နှုန်းတိုးရန်နှင့် အဆင့်မီဝါများရရှိရေး၊ ချည်မျှင်နှင့် အထည်များ ရက်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူးက ဝါစိုက်ပျိုးရေးလုပ်ငန်းများတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က အသင်းသားတောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရှားတောကျေးရွာခန်းမ၌ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးရေးစီမံကိန်း သင်တန်းတက်ရောက်မည့် သင်တန်းသူများနှင့် တွေ့ဆုံပြီး သင်ယူတတ်မြောက်မည့် အခြေခံနှင့် မွမ်းမံစက်ချုပ်ပညာရပ်များကို မိသားစုဝင်ငွေတိုးရေးလုပ်ငန်းအပြင် ရိုးရာမပျက် ခေတ်မီဆန်းသစ်သည့် ဒီဇိုင်းများ တီထွင်ဖန်တီးထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရှားတောစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးကျော်မင်းစိန်၏ လယ်မြေ တစ်ဧကတွင် RAKA-666 ဝါမျိုး ရှစ်ရက်သား စိုက်ပျိုးထားမှုကို လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာအဆင့်ဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းဖြင့် ဆောင်ရွက်နေသည့် တပ်ကုန်းမြို့နယ် အေးချမ်းသာ စံပြကျေးရွာရှိ ရက်ကန်းအလုပ်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျေးရွာအတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဝါစိုက်ပျိုးရေးလုပ်ငန်းကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိရာ ဒေသမှထွက်ရှိသော အဆင့်မီချည်များဖြင့် ရက်ကန်းရက်လုပ်ခြင်းလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဆည်ခရိုင်၌ မိုးချည်မျှင်ရှည်ဝါ စိုက်ပျိုးထားမှုနှင့် ဈေးကွက်အခြေအနေ



ကျောက်ဆည် ဇွန် ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ မိုးချည်မျှင်ရှည်ဝါများ စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်၌ ၈၅ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ဧက ၁၉၀၊ မြစ်သားမြို့နယ်၌ ဧက ၂၇၃၀ စုစုပေါင်း ၃၀၀၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ သိရသည်။

မိုးချည်မျှင်ရှည်ဝါကို မြစ်သားမြို့နယ်အတွင်းရှိ ဒိုင်းကျေးရွာ၊ မြနဒီနှင့် လွန်ကျော်ကျေးရွာများ၌ အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ မိုးချည်မျှင်ရှည်ဝါစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခုနှစ် မိုးချည်မျှင်ရှည်ဝါများ ထွက်ပေါ်ချိန်တွင်လည်း အရည်အသွေးကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဟု ခန့်မှန်းထားရှိကြောင်း၊ ချည်မျှင်ရှည်ဝါစိုက်ခင်းများတွင် ယခင်နှစ်ကတစ်ဧကလျှင် ၇၀၀-၈၀၀ ပိဿာအထိ ထွက်ရှိပြီး ဈေးကွက်၌ လက်ရှိအချိန်တွင် ယခင်နှစ်က ချည်မျှင်ရှည်ဝါများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



# လိပ်သိုဒေသ၌ နနွင်းစိုက်ပျိုးမှုနှင့် ဈေးကွက်အခြေအနေ

သံတောင်ကြီး ဇွန် ၃

ပဲခူးတိုင်းဒေသကြီး သံတောင်ကြီးမြို့နယ် လိပ်သိုဒေသရှိ တောင်သူများသည် ဥယျာဉ်ခြံလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများအပြင် တောင်ယာလုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်လျက်ရှိကြောင်း၊ ယခုမိုးဦးကျကာလတွင် တောင်ယာခင်းများ၌ နနွင်းများ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နနွင်းစိုက်ပျိုးရာတွင် ယခင်နှစ်က မျိုးကောင်းမျိုးသန့်အဖြစ် ရွေးချယ်သိုလှောင်ထားသော နနွင်းများကို မိုးဦးမကျမီနှင့် မိုးဦးကျကာလတွင် စိုက်ပျိုးကြကြောင်း၊ နနွင်းတက်များကို တောင်ငူမြို့ရှိ နနွင်းအဝယ်ဒိုင်များသို့ ရောင်းချရကြောင်း၊ ယခင်နှစ်က နနွင်းဈေးကောင်း ရရှိခဲ့သောကြောင့် ယခုနှစ်တွင်လည်း တောင်သူများအနေဖြင့် ဈေးကောင်းရရှိရန်မျှော်လင့်၍ နနွင်းများယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

# ပေါက်ခေါင်းမြို့နယ်၌ ဂေါ်ဖီထုပ်များ စိုက်ပျိုးထွက်ရှိပြီး အကျိုးအမြတ်ရရှိ

ပေါက်ခေါင်း ဇွန် ၃

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်ရှိ သဖန်းချိုအုပ်စု လေးကြီးကျေးရွာတွင် ဂေါ်ဖီထုပ်များ စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးပင်ပေါင်း ၈၀၀၀ ခန့်ရှိပြီး ခုတ်ယူသည့် အပင်ပေါင်းမှာလည်း ၈၀၀၀ ခန့်ရှိကြောင်း၊ စိုက်ပျိုးမှုအတွက် ဂေါ်ဖီထုပ် တစ်ကေလျှင် ငွေကျပ် ခုနစ်သိန်းခန့်ကုန်ကျပြီး ငွေကျပ်သိန်း ၄၀ ခန့် ရရှိသည့်အတွက် အကျိုးအမြတ်အနေဖြင့် ငွေကျပ် သိန်း ၃၀ ခန့် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပေါက်ခေါင်းမြို့နယ်မှ ထွက်ရှိသော ဂေါ်ဖီထုပ်များကို စိုက်ခင်းအထိဆင်း၍ ဝယ်ယူမှုများရှိသကဲ့သို့ နယ်များသို့လည်း တင်ပို့ရောင်းချလျက်ရှိရာ တောင်သူများအနေဖြင့် ထိုက်သင့်သည့်အကျိုးအမြတ်ရရှိကြောင်း သိရသည်။



# ဥယျာဉ်ဇင်ကျေးရွာ၌ ခရမ်းချဉ်သီးစိုက်ပျိုးထွက်ရှိမှုနှင့် ဈေးကွက်အခြေအနေ

မင်းဘူး ဇွန် ၃

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဇင်ကျေးရွာ၌ စပါး၊ နှမ်း၊ ပဲသီး၊ ခရမ်းချဉ်သီးနှင့် ဥယျာဉ်ခြံသီးနှံများကို စီးပွားဖြစ် အဓိကထားစိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ဥယျာဉ်ဇင်ကျေးရွာ၌



ခရမ်းချဉ်သီးစိုက်ဧက ခုနစ်ဧကကျော် စိုက်ပျိုးထားရှိကြောင်း၊ စိုက်ပျိုးရာတွင် ခရမ်းချဉ်သီးကို တိုင်ထောင်စနစ်ဖြင့် မြေအောက်ရေကို အသုံးပြုကာ စိုက်ပျိုးခြင်းဖြစ်ပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် စတင်စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးပြီး နှစ်လခွဲအကြာတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ထိုင်ဝမ်ခရမ်းချဉ်သီးမျိုးကို စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးထုပ် ရှစ်ထုပ်ခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ ရေသွင်းခ၊ လုပ်အားခနှင့် အခြားသွင်းအားစုအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၂၅ သိန်းကျော်ကုန်ကျပြီး တစ်ဧကလျှင် ခရမ်းချဉ်သီး ပိဿာချိန် ၇၀၀ ခန့်ထွက်ရှိကြောင်း၊ ဥယျာဉ်ဇင်ကျေးရွာမှ ထွက်ရှိသည့် ခရမ်းချဉ်သီးများကို မင်းဘူးမြို့သို့ တင်ပို့ရောင်းချပြီး ခရမ်းချဉ်သီးစိုက်ပျိုးသည့် တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

## သတင်းရင်းမြစ် - စီးပွား/ကူးသန်း

## ၃-၆-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၅၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၇၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၅၀၀ | ၁၇၀၀၀ | ၇၈၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၁၄၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၄၀၀ | ၇၄၀၀ | ၁၆၅၀၀ | ၅၉၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၃၀၀ | ၅၅၀၀ | ၂၅၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၄၀၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၅၉၅၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၂၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၃၀၀ | | ၇၂၀၀ | ၁၇၀၀၀ | ၆၀၅၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၀၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၁၄၅၀၀ | ၉၃၀၀ | ၁၂၅၀၀ | ၉၅၀ | ၉၃၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၃၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၉၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၃၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၇၅၀ | | ၅၈၀၀ | ၁၆၀၀၀ | ၅၈၅၀ | ၅၅၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၁၁၀၀၀ | ၃၀၀ | ၈၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၄၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၁၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၇၀၀ | | ၇၂၀၀ | ၁၄၀၀၀ | ၆၁၇၅ | ၁၀၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၆၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၉၅၀၀ | ၇၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၉၅၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၇၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၇၅၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၃၀၀ | | ၅၈၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၆၅၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၁၀၀ | ၃၇၀၀ | ၂၃၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၆၅၀ | ၁၂၂၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၇၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၅၈၀၀ | ၃၀၀၀ | ၅၂၀၀ | ၁၃၂၀၀ | ၁၆၈၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၀၀ | | ၆၈၀၀ | ၁၅၂၀၀ | ၅၆၅၀ | ၁၂၄၀၀ | ၂၆၀၀ | ၁၂၆၀၀ | ၁၃၂၀၀ | ၇၂၀၀ | ၇၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၂၀၀ | ၅၄၀၀ | ၁၃၅၀၀ | ၁၇၂၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၉၅၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |



# နမ့်စန်မြို့နယ်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၃**

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် သင်ကြားပို့ချမည့် အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးပြခန်းများ၊ ကွန်ပျူတာ အခြေခံ ဘာသာရပ်ပြခန်းများ၊ သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားရှိမှုနှင့် ကျောင်းသား ကျောင်းသူများ ဘာသာရပ်အလိုက် သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့်အတူ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါအသစ်ဖွင့်လှစ်သည့် အခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ခွဲ)တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ စက်မှုဘာသာရပ် သင်ကြားသည့် ကျောင်းသား ကျောင်းသူ ၄၁ ဦး၊ စိုက်ပျိုးရေး ဘာသာရပ်သင်ကြားသည့် ကျောင်းသား ကျောင်းသူ ၁၆ ဦး စုစုပေါင်း ၅၇ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

လူငယ်ကစားသမားသစ်များ ပေါ်ထွက်လာစေရေး၊ နည်းပြသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက်ပါ ဆောင်ရွက်ရမည်ဖြစ်သည်။

နည်းပြဘန်လက်ချာယိုဝန်လက်ထက်တွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ၂၀၂၄ အာရှဖလား ခြေစစ်ပွဲ တစ်ကျော့ပြန်အောင်မြင်ခဲ့သလို နောက်ဆုံးအဆင့်တွင်လည်း ပထမဆုံးနိုင်ပွဲ၊ ပထမဆုံးရမှတ်များ ရယူနိုင်ခဲ့သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# မာလာဖူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက်က ထိုင်းနံ့ကောက်မျိုးနွေစပါးများ ရိတ်သိမ်း

**သာယာဝတီ ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးသီးနှံ ဆောင်ရွက်နေသော မာလာဖူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းလီမိတက်မှ အသင်းသား တောင်သူ ဦးစိန်ဝင်း၏ ထိုင်းနံ့ကောက်မျိုး နွေစပါး စိုက်ဧက ရှစ်ဧက ရိတ်သိမ်းပြီး တစ်ဧကလျှင် တင်း ၁၂၀ နှင့် ရှစ်ဧကအတွက် တင်း ၉၆၀ ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

## အခြေခံပညာဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(ပရိဘောဂ)ခွင့်ပြုရန်ပုံငွေများဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်၍ တနင်္သာရီတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | Table (4'x2.5'x2.5') | (၁၅၂၀) လုံး |
| (ခ) | Plastic Armed Chair | (၁၅၂၀) လုံး |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၄-၆-၂၀၂၄)ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး တင်ဒါများကို (၁၇-၆-၂၀၂၄)ရက်နေ့၊ ညနေ (၄:၀၀) နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း တနင်္သာရီတိုင်းဒေသကြီးပညာရေးမှူးရုံး၊ ဖုန်း-၀၅၉-၂၀၂၃၉၆၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချိန်(၈)လမ်း၊ အမှတ်(၅၈)မြေအကျယ်ပေ(အလျား၄၀xအနံ၆၀)(ဂရန်မူရင်း)မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးရီကင်း[၇/အဖန(ဧည့်)၀၀၀၁၆၀]အမည်ဖြင့် မှတ်သားထားပြီး လက်ရှိပိုင်ဆိုင်ထားသူ အမည်ပေါက်ဦးရီကင်း[၇/အဖန(ဧည့်)၀၀၀၁၆၀]မှ မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက်ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင် ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

ရွှေပြည်သာမြို့နယ်
မြေကွက်များ
အထူးဝယ်လိုသည်။
09-5139064

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း၊
တောင်ပိုင်း၊ ဆိပ်ကမ်း
မြို့နယ်များရှိ
မြေကွက်များဝယ်လိုသည်။
09-5173439
09-980804217

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မကြယ်စင်ခိုင်[၁၀/သထန(နိုင်)၂၁၁၈၄၇]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

**ဖုန်း - 09-783302556**

## ဖခင်အမည်မှန်

ကာမိုင်းမြို့၊ အထက(ကာမိုင်း)ကျောင်း၊ Grade-1 မှ မောင်ဆွတ်မျိုးထွယ်၏ ဖခင်အမည်မှန်မှာ ဦးလအောင် [၁/မကတ(နိုင်)၀၀၇၅၃၀] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊မြေကွက်အမှတ်(၁၀၃၇)၊မြေကွက်တည်နေရာအမှတ်(၁၀၃၇)၊ဦးရွှေကြူးလမ်း၊(၄၂)ရပ်ကွက် ဒဂုံမြောက်၊ဗိုလ်ကြီးသိန်းအောင်(PZDG-၀၀၂၀၉၇)၊အမည်ပေါက်ပါမစ်မြေအားဗိုလ်ကြီးသိန်းအောင်ထံမှအရပ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်လာသူဒေါ်မာမာထွေး(ခ)ချောချော(၁၂/မဂတ(နိုင်)၀၅၈၇၉၂)မှပါမစ်၊အရပ်ကတိအရောင်းအဝယ်စာချုပ်၊နိုင်ကတ်တို့တင်ပြ၍ဂရန်သစ်လျှောက်ထားလာရာမြို့တော်စည်ပင်ရှိမြေစာရင်းတွင်လျှောက်ထားမြေကွက်၏အမည်ပေါက်အားဗကသိန်းအောင်ဖြင့်မှတ်သားထားပြီးတင်ပြအမည်ပေါက်နှင့်တူညီသော်လည်း မြို့/အိမ်မှလွှဲပြောင်းသောမြေစာရင်းတွင်မြေကွက်အမှတ်ပါဝင်ပြီးအမည်ပေါက်မှတ်သားထားခြင်းမရှိသဖြင့်လျှောက်ထားသူမှအလုပ်သမားဝန်ကြီးဌာန၏(၁၆/၁၂/၁၉၉၇)ရက်စွဲဖြင့်ဗိုလ်ကြီးသိန်းအောင်အမည်ဖြင့်ချထားပေးသည့်ပါမစ်၊မြန်မာ့စီးပွားရေးဘဏ်၏ငွေသွင်းချလံ၊ဌာနသို့လိပ်မူသည့်အလုပ်သမားဝန်ကြီးဌာန၊မြေကွက်ဖော်ထုတ်ရေးနှင့်မြေနေရာချထားရေးကော်မတီမှပါမစ်ထုတ်ပေးပြီးကြောင်း(၁၆/၁၂/၉၇)ရက်စွဲပါစာမိတ္တူတို့ဖြင့်ဒေါ်မာမာထွေး(ခ)ချောချောမှဂရန်သစ်လျှောက်ထားလာရာမြေပြင်ကွင်းဆင်းရာတစ်ထပ်ပျဉ်ထောင်(၂)လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်နေထိုင်၍ကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့်ဒေါ်မာမာထွေး(ခ)ချောချောမှဂရန်သစ်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ဣန္ဒာသယလမ်း၊ မြေကွက်အမှတ်(၉၆၉)၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ခေါင်းရင်းခြမ်း၊ မြေကွက်အမှတ်(၉၆၈)နှင့်ကပ်လျက်ဘက်အခြမ်းရှိ မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးမျိုးသန်းတင်(MYA-၁၃၀၇၉၉) အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးဇော်မင်းထွေး [၉/တသန (နိုင်)၁၂၄၉၂၈]မှ **“နှစ်ဦးသဘောတူအဆင့်ဆင့် အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ”**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၊ မြေကွက်အမှတ် - ၃၂၃/က+၃၂၃/ခ၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အမှတ် ၃၂၃/က+၃၂၃/ခ၊ သီလ (၁၀) လမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် (၂) ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦရှိ အခန်းအမှတ်-ဒုတိယထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၈ ပေ x ၅၄ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် (၂၀-၈-၂၀၂၀) ရက်စွဲပါ “နှစ်ခန်းတွဲ (၆) ထပ်တိုက်သစ်တစ်လုံး ဆောက်လုပ်ရန် လုပ်ငန်းလက်ခံခြင်း အိမ်/မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့၏ ကတိပဋိညာဉ်စာချုပ်” အရ ရောင်းသူ မြေရှင်များဖြစ်ကြသည့် ဦးကျော်လွင် [၁၂/ဥကတ(နိုင်)၀၄၀၃၂၉]၊ ဒေါ်ခင်သန်းဌေး [၁၂/ဥကတ(နိုင်)၀၄၀၆၃၇]၊ ဒေါ်စန်းစန်းအေး [၁၂/ဥကတ (နိုင်)၀၄၀၃၃၆]၊ ဒေါ်ချိုချိုမာ [၆/ကသန(နိုင်)၀၂၂၂၅၄]၊ ဦးဇော်မိုးသန်း [၁၂/ဥကတ(နိုင်)၀၄၀၅၉၃]၊ ဦးဇော်မျိုးသန့် [၁၂/ဥကတ(နိုင်)၁၃၅၇၈၈]၊ ဦးကျော်ကျော်ဝင်း [၁၂/ဥကတ(နိုင်)၁၃၂၄၂၂]၊ ဒေါ်မြင့် [၁၂/ဥကတ(နိုင်) ၀၈၀၃၄၆]တို့ (၈) ဦးမှ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ရောင်းသူ မြေရှင်များထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်(26-C2)၊ မြေကွက်အမှတ်(၂၁၂ နှင့် ၂၁၃)၊ ဧရိယာ(၀.၀၄) ဧက၊ မြေကွက်တည်နေရာ- အမှတ်(၆၅/၆၇)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်နွဲ့နွဲ့ရီ [၁၂/ကမတ(နိုင်)၀၂၀၃၇၇]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်(သက်ကုန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်သည်(မိခင်)ဒေါ်နွဲ့နွဲ့ရီအမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ ဖခင် ဦးခင်ထွန်းနှင့် မိခင် ဒေါ်နွဲ့နွဲ့ရီ တို့မှ သားသမီးအဖြစ် ၎င်းတစ်ဦးတည်းကိုသာ မွေးဖွားခဲ့ပြီး၊ ၎င်းသာလျှင်တစ်ဦးတည်းသောသားဖြစ်ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှလည်း အမွေစားအမွေခံကိတ္တိမသားသမီးအဖြစ် တရားဝင်မွေးစားခဲ့ခြင်းမရှိပါကြောင်း၊ ဖခင် ဦးခင်ထွန်းသည်(၁၆-၂-၁၉၉၈) ရက်နေ့တွင်လည်းကောင်း၊ မိခင် ဒေါ်နွဲ့နွဲ့ရီသည်(၂၆-၇-၂၀၂၀) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြောင်း၊ ကွယ်လွန်သူမိဘများနှင့် ၎င်းသည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အလျောက် အထက်ပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျန်ရစ်သူသားဖြစ်သည့် ၎င်းတစ်ဦးတည်းမှသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဦးမြတ်သူ [၁၂/ဗဟန(နိုင်)၀၉၄၇၁၁] က လသာမြို့နယ်တရားရုံးတွင် ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်- ၃/၂၅၈/၂၀၂၄(၅-၃-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်နွဲ့နွဲ့ရီ၏ သေဆုံးမှုလက်မှတ်၊ ဦးခင်ထွန်း၏ သေစာရင်းမိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ နှစ်(၆၀)မြေငှားဂရန်တို့ကိုတင်ပြ၍ ဦးမြတ်သူက အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၂၀)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၄

| | |
|---|---|
| ဦးခင်မောင်ညွန့် နှင့်<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်<br>ဦးခင်မောင်တာ) | ၁။ ဒေါ်ခင်အုန်းမြင့် (မြေအမည်ပေါက်ကွယ်လွန်သူ ဦးဘသိန်း၏ဆက်ခံသူသမီး)<br>၂။ ဒေါ်ထားထားမြင့်(ခ)ဆာဖူရာဘီ<br>၃။ ဒေါ်ဝင်းဝင်းအေး(ခ)ရှဟီဒါ<br>၄။ ဦးဇော်လွင်(ခ)မူဘာရက်အာမက်<br>၅။ ဦးဇော်မင်း(ခ)မူနီယာမက်<br>၆။ ဦးစိန်ဝင်း(ခ)စက်ရက်ဟာမက်<br>၇။ ဦးမျိုးလွင်(ခ)နဇီဟာမက်<br>၈။ ဒေါ်လှလှဝင်း (ကွယ်လွန်သူ ဦးလှမောင်(ခ)ရှော့ကတ်အလီ၏ ဆက်ခံသူ သား/သမီးများ) |
| **(တရားလို)** | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ် (၃၉)၊ မြေညီထပ်နေ (၁)တရားပြိုင် ဒေါ်ခင်အုန်းမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်အပေါ်၌ တရားလိုက **“ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု”** နှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၄)ရက်၊ (၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၈)ရက်နေ့ မွန်းမတည့်မီ (၁၀း၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ (၃)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ်-၄၈၉ တည်ရှိရာ မြေတိုင်းအမှတ်- ၄၁၊ မြေကွက်အမှတ်- ၄၈၉၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်တို့၏ အမည်ပေါက်သူ ဦးမောင်မောင်သန်းနှင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါ မြေကွက်၊ နေအိမ် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့် နေအိမ်အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်လှတင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၆၄၅)**
**အမှတ်– ၈၅၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း– ၀၉–၅၀၂၂၄၄၊ ၀၉–၄၅၅၀၂၂၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မလွှကုန်းလမ်း၊ တိုက်အမှတ်(၁၅)၊ ၂ ခန်းတွဲ ၈ ထပ်တိုက်၏ ၆–လွှာ၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၂၀ပေx ၅၅ပေ)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်သန်းသန်းအေးထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်မိုးရွှေ (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉ – ၅၀၉၄၄၅၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပါရမီလမ်း၊ တိုက်အမှတ်(၂၀)၊ Royal Parami Residence၊ အခန်းအမှတ်– (7/D)၊ (၇)လွှာ၊ (၁၄၀၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်အေးချမ်းပြည့် [၁၂/မရက(နိုင်)၁၄၅၅၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲဝင်းထွဋ် [၁၃/တမည(နိုင်)၀၀၃၆၀၈]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးညာဏ်မင်းထက် (LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း– ၀၉–၉၇၇၁၂၈၁၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ ၃–လမ်း၊ အမှတ်(၃၄)၊ ၅–လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၂.၅ ပေ x ၅၀ ပေ) တိုက်ခန်းရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

အထက်ရည်ညွှန်းလိပ်စာ ဖော်ပြပါတိုက်ခန်းပိုင်ဆိုင်သူ ဦးတင်မြင့်(ခ) လင်ပိန်းညာဏ် [၁၂/လမတ(နိုင်)၀၃၁၅၄၆]သည် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။ ထိုတိုက်ခန်းကို ရောင်းချမည်ဟုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ကမ်းလှမ်းခြင်းကို သဘောတူသဖြင့် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

ထိုတိုက်ခန်းရောင်းဝယ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိုက်ခန်းပိုင်ဆိုင်မှု၏ စာချုပ်စာတမ်းမူရင်းနှင့်တကွ ဆက်စပ်စာချုပ်များကို ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်၍ တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ထိုတိုက်ခန်းရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးချစ် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၄၅)**
**အမှတ်(၃၁)၊ မြေညီထပ်၊ ၉–လမ်း၊ ၄–ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၂၆၅၂၄၁၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၆)၊ မြေကွက်အမှတ်(၄၉၈)၊ ဆုပြည့်ရတနာ(၃)လမ်း၊ အကျယ်အဝန်း (၄၀'x၆၀')ရှိ ဦးကျော်ညွန့် (MGE–၀၁၇၆၃၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း အကျယ်အဝန်း (၂၀'x၆၀')ရှိ မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်လှ (ENE–၀၂၄၅၀၃)မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်တင်နီလာထွန်း [၉/အမရ(နိုင်)၁၁၆၆၄၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်နီလာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ကြီးကြပ်မှုအောက် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ဒဂုံ–ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းရှိ အောက်ဖော်ပြပါ ကော်မတီပိုင်ဆိုင်ခန်း(၃)ခန်းကို တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်–

(က) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၊ ပခုက္ကူလမ်းရှိ ဆိုင်ခန်းအမှတ်(၄/A8–၇)
(ခ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၊ ပခုက္ကူလမ်းရှိ ဆိုင်ခန်းအမှတ်(၄/A8–၈)
(ဂ) ဒဂုံ–ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း၊ ဟသ်ာတလမ်းရှိ ဆိုင်ခန်းအမှတ်(၉/၇)

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (၁၂)ထပ်ခွဲရုံး၊ (၇)လွှာရှိ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ယာဉ်ရပ်နားစခန်းများစီမံခန့်ခွဲရေးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲရေးရုံးသို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်–

| | | |
|---|---|---|
| တင်ဒါရောင်းချမည့်ရက် | – | ၅–၆–၂၀၂၄ (ဗုဒ္ဓဟူးနေ့) |
| တင်ဒါအရောင်းပိတ်မည့်ရက် | – | ၁၈–၆–၂၀၂၄ (အင်္ဂါနေ့) (၁၃:၀၀ နာရီ) |
| တင်ဒါကျင်းပမည့်နေ့ရက် | – | ၂၀–၆–၂၀၂၄ (ကြာသပတေးနေ့) နံနက် (၁၀:၀၀ နာရီ) |
| တင်ဒါကျင်းပမည့်နေရာ | – | မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ အနော်မာလမ်း၊ မြေကွက်အမှတ် (၅၆၃/က)၊ (အလျား ၂၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်ငွေငွေဆွေ [၁၂/ဥကတ(နိုင်)၀၆၃၇၂၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ကြူကြူခင် [၁၂/ဥကတ(နိုင်)၀၆၄၂၄၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ကြူကြူဝေ [၁၂/ဥကတ(နိုင်)၁၃၆၈၆၄]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း)LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **Ph: 09–954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09–420080932, 09–983837110** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၂၇)၊ ဒုတိယထပ်၊ ခန့်မှန်းခြေ အကျယ် (၂၃ ၂/၃ x ၅၀)ပေရှိ တိုက်ခန်းကို ယခုလက်ရှိပိုင်ရှင် ဒေါ်ခင်နဒီ[၁၂/စခန(နိုင်) ၀၅၈၀၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းနှင်းခိုင် [၁၂/ဥကတ(နိုင်)၀၀၂၃၄၃]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေမီလှိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၉၁)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။**
**၀၉–၄၂၁၀၀၉၄၆၃၊ ၀၉–၇၉၈၄၀၆၃၇၇**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ အောင်သစ္စာ(၅)လမ်း ၊ မြေကွက်အမှတ်(၈၁၄/က)ရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား (၂၀ပေx ၆၀ပေ) (၁၂၀၀)စတုရန်းပေ၊ (၀.၀၂၇)ဧကအကျယ် မြေကွက်နှင့်တကွ အကျိုးခံစားခွင့်များအရပ်ရပ်တို့ကို ဂရန်အမည်ပေါက် ဦးအောင်လင်းဝေ [၁၂/လသန (နိုင်) ၀၁၃၂၁၂]မှ အရောင်းအဝယ်ပြုလုပ်ရောင်းချခြင်းအပေါ် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးအောင်လင်းဝေ [၁၂/လသန(နိုင်)၀၁၃၂၁၂]မှ ဂရန်အမည်ပေါက် လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် မြေကွက်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသော်ဇင် LL.B** | **ဦးငြိမ်းချမ်းထွေး LL.B** |
| **(တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၆၇၁၃)** | **(တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၆၇၄၆)** |
| **ဖုန်း–၀၉–၄၃၀၆၄၂၈၁** | **ဖုန်း–၀၉–၂၆၀၀၂၉၂၇၂** |

**တိုက်(၄၆)၊ အခန်း(C–3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ဦးရန်နိုင် [၁၃/တကန(နိုင်)၀၈၀၃၁၅] (ဘ–ဦးဖေသန်း) အမည်ပေါက်ပိုင်ဆိုင်သော–

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဇောဓိရိပ်သာလမ်း၊ အမှတ်(၉/၁၁/ခ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်- (၃၀/အေ) မြေကွက်အမှတ်(၄အိုင်–၁)၊ ဧရိယာ (၀.၁၈၆)ဧကရှိ ဂရန်ရှိမြေပိုင်မြေအမျိုးအစား မြေကွက်နှင့် မြေကွက်ပေါ်ရှိ ဆောက်လက်စအဆောက်အဦအပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မိမိတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းသောမြေကွက်ဖြစ်ကြောင်း ရောင်းချခွင့်ရှိကြောင်း လက်ဝယ်ထားပိုင်ဆိုင်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်နှင့်သက်ဆိုင်သည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၆၈)**
**အမှတ်– ၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၀၀၅၇၄၉၈**

## အမည်ပြောင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်နေ (ဘ) ဦးညို [၁၂/ဆကန (နိုင်) ၀၀၀၅၀၁]၏ သမီး မရင်ရင်ရွှေအား မဆုမြတ်သွယ် ဟုပြောင်းလဲခေါ်ပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မရှီဇော်ဇယ်နော [၁/မကန (နိုင်) ၂၅၀၃၂၉]၏ ပတ်စ်ပို့နံပါတ်(MF–041169) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**၀၉–၇၉၄၃၂၀၉၇၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၆)၊ နဝရတ်ကိုးသွယ်လမ်း၊ မြေကွက်အမှတ် (၁၂၈၄/ခ)ဟုခေါ်တွင်သော ဦးအောင်မြင့် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ မြေအကျယ် (၂၂x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်သန်းသန်းဌေး [၁၂/လသယ(ပြု)၀၀၀၃၇၈]မှ အဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချို [၉/မခန(နိုင်)၀၅၈၇၆၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ –** |
| **ဒေါ်ချို** | **ဒေါ်ခင်သူဇာဝင်း (LL.B)** |

**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၂၅၆၃၂၂၀၉၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉–ဘီ)၊ မြေကွက်အမှတ်(၁၂၄)၊ အကောက်ခွန်(၅)လမ်း၊ အကျယ်အဝန်း (၄၀'x၆၀')၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဦးဟန်ရှိန်(CJ–၀၄၇၂၂၉) [၁၁/စတန(နိုင်)၀၀၉၆၆၇] အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ငွေငွေဝင်း[၁၂/ဥကတ(နိုင်)၀၁၇၆၇၁]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်– ၉/၈၇(က)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၆ ပေx ၁၅၀ ပေ)ရှိ မြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်သီတာခိုင်(ခ)ဒေါ်သီတာခိုင် [၁၀/ကထန(နိုင်)၀၀၅၉၂၄]က တရားဝင်ပိုင်ဆိုင်ထားရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ လက်ဝယ်ရှိကြောင်း၊ ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူပါသဖြင့် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)တို့နှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကြည်သာဦး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၄၈၄/၂၀၂၁)**
**အမှတ်(၂၀၈)(ပထမထပ်)၊ ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – 09–428211112, 09–768211112**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၂)၊ မြေကွက်အမှတ် (၂၁၄၂)၊ အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက် အမှတ် (၂၁၄၁)နှင့် ကပ်လျက်ဘက်ခြမ်း၊ အကျယ်အဝန်း (၂၀ ပေx ၆၀ ပေ)ရှိ ဒေါ်အေးသိန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်သူရ [၁၂/ဒဂတ(နိုင်)၁၃၄၄၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၁၁)**
**အမှတ်– ၁၅၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၅၀၄၂၂၉၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ နီလာ(၁)လမ်း၊ မြေကွက်အမှတ်(၃၇၄) ဟုခေါ်တွင်သော အလျား(၄၀)ပေx အနံ(၆၀)ပေရှိ ဒေါ်ငွေးရင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်ကြီးထဲမှ **(ခေါင်းရင်းခြမ်း) အလျား(၂၀)ပေx အနံ(၆၀)ပေ** မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက် **ဒေါ်ငွေးရင်(ကွယ်လွန်)**၏ ချွေးမဖြစ်ပြီး အမွေဆက်ခံပိုင်ခွင့်ရှိ၍ ရောင်းချရန်အခွင့်အရေးရှိသူဟုဆိုသူ **ဒေါ်သီသီခိုင် [၂/လကန(နိုင်)၀၂၇၂၇၅]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်တင်နွယ်လင်း [၁၂/ဥကမ(နိုင်) ၁၉၇၃၉၀]**က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက သတ်မှတ်ရက်ပြည့်မြောက်ပြီးလျှင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထင်လင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်–၇၁၁၂ (၁၀–၁၂–၂၀၀၂)**
**ဖုန်း– ၀၉–၅၀၃၉၃၀၆၊ ၀၉–၇၈၅၀၃၉၃၀၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## "သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း"

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြု/ သားဖွား/ နီးနွယ်သင်တန်းကျောင်းများတွင် ၂၀၂၅ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်း နှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်- ( မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၃)ဘာသာ ရမှတ်ပေါင်းကိုမူတည်၍ ရွေးချယ်မည် ဖြစ်ပါသည်။)

၂။ **အရည်အချင်းသတ်မှတ်ချက်**

လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူ ဖြစ်ရမည်၊ (၂၀၂၄ ခုနှစ်၊ မတိုင်မီ အောင်မြင်သူများသာ လျှောက်ထားရမည်။ ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဖြေဆိုအောင်မြင်သူများ လျှောက်ထားခြင်း မပြုရ။)

(ဂ) လျှောက်လွှာပိတ်သည့် (၁၆ - ၈ -၂၀၂၄)ရက်နေ့တွင် အသက်(၂၅)နှစ် ထက်မကြီးရ။ (တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ် အတိုင်းသာအတည်ပြုမည်)

(ဃ) ပြစ်မှုကင်းရှင်းသူ၊ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(င) အိမ်ထောင်မရှိသူ (အပျို/လူပျို) ဖြစ်ရမည်။

(စ) အနည်းဆုံး အရပ်(၅)ပေ ရှိရမည်။ အရပ်(၅)ပေ မပြည့်မီသူများ လျှောက်ထားခြင်း လုံးဝ မပြုပါရန်။

(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဇ) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဈ) ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် လျှောက်လွှာမူရင်းကို မိမိသက်ဆိုင်ရာ ဦးစီးဌာန အကြီးအမှူးမှတစ်ဆင့် လျှောက်ထားရမည်။
- သက်ဆိုင်ရာဦးစီးဌာနအကြီးအမှူးမှတစ်ဆင့် လျှောက်ထားခြင်း မရှိသောလျှောက်လွှာများကို လုံးဝ(လုံးဝ) လက်ခံစဉ်းစားမည် မဟုတ်ပါ။
- မိမိသည် ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျက် မိမိသဘောဆန္ဒဖြင့် လျှောက်ထားပြီး ရမှတ်မီ၍ ရွေးချယ်သည့်စာရင်းတွင်ပါရှိပါကလည်း စာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

(ည) သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းကိုပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းအတွက် ကျပ် (၈၀၀၀၀၀/-) (ကျပ်ရှစ်သိန်းတိတိ)၊ ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်းအတွက် ကျပ်(၃၀၀၀၀၀/-) (ကျပ်သုံးသိန်းတိတိ) (သို့မဟုတ်) အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် လျော်ကြေးငွေကို ပေးလျော်နိုင်သူ ဖြစ်ရမည်။

(ဋ) သင်တန်းအောင်မြင်ပြီး (အမှတ်ဖြင့်/အထူးကိစ္စရပ်ဖြင့်ရွေးချယ်)သူများကို နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ပါက မည်သည့်ဒေသတွင်မဆို/လိုအပ်ချက်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်တွင် အနည်းဆုံး(၃)နှစ်နှင့် ပညာသင်ထောက်ပံ့ကြေး ခံစားသူများအတွက် အနည်းဆုံး(၅)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံကတိရေးထိုးရမည်ဖြစ်သည်။

၃။ **လျှောက်လွှာပေးပို့ရန်**

(က) လျှောက်လွှာကို (**ကျန်းမာရေးဝန်ကြီးဌာန နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့၏ အင်တာနက်စာမျက်နှာတွင်**) ရယူပြီး ပြည့်စုံ၊ တိကျ၊ ပီသစွာ ဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့် အတူ ပူးတွဲပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် စာစစ်ဌာနတည်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် **(၁၆-၈-၂၀၂၄)**ရက်နေ့ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။ **(နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ လိပ်မူ၍ တိုက်ရိုက် လျှောက်ထားခြင်း မပြုရ)**

(ခ) လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများကို ပူးတွဲပေးပို့ရမည်-

၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်**(မိတ္တူ) (၁)စောင်။**

၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်တန်းအောင်ရမှတ်စာရင်း**(မူရင်း) ( ၁ ) စောင်။**

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား **(မိတ္တူ) (၁)စောင်။**

၄။ ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်းထောက်ခံစာ **(မူရင်း)(၁)စောင်။**

၅။ အိမ်ထောင်မရှိသူ၊ အပျို/လူပျို ဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်(သို့) ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူးရုံး(အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး)၏ ထောက်ခံစာ **(မူရင်း) (၁)စောင်။**

၆။ ကျန်းမာရေးကောင်းမွန်သူဖြစ်ကြောင်း သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံစာ **(မူရင်း) (၁)စောင်။**

၇။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာဦးစီးဌာန အကြီးအမှူး၏ ထောက်ခံစာ**(မူရင်း) ( ၁ )စောင်။**

၈။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံ(၁)ပုံ ကပ်ပြီး ပေးပို့ရမည်။ ( ၆-လ အတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့ အရွယ်ဓာတ်ပုံ ဖြစ်ရမည်။ ဓာတ်ပုံ နောက်ကျောတွင် လျှောက်ထားသူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မိဘ အမည်၊ နေရပ်များ ရေးရမည်။)

**မှတ်ချက်။ ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးသူ၏အမည်၊ လက်မှတ်၊ ရာထူးတံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်း ပါရှိရမည်။**

၄။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင် တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း(တက္ကသိုလ်/ကောလိပ်/အဝေးသင်)ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်/အကြီးအကဲ၏ ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့် သင်တန်းကျောင်းသို့ ပေးအပ်နိုင်ရမည်။ (သင်တန်းတက်စဉ်ကာလအတွင်း အခြားမည်သည့်လက်မှတ်ရ သင်တန်းမဆို လုံးဝ တက်ခွင့်မပြုပါ)။

၅။ အောက်ပါအချက်များနှင့်ငြိစွန်းသည့် လျှောက်လွှာကို ရွေးချယ်ရေးလုပ်ငန်းစဉ်တွင် လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-

(က) ရှင်းလင်းပီသစွာနှင့်ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသည့် လျှောက်လွှာများ။

(ခ) သတ်မှတ်ချက် စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများ။

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လိပ်မူ၍ လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများ၊(လျှောက်လွှာစိစစ်ခြင်း လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်၍)

(ဃ) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပေးပို့သည့် လျှောက်လွှာများ။

၆။ သင်တန်းတက်ခွင့်ရအမည်စာရင်းများကြေညာခြင်း။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၂၉)ရက်နေ့တွင် အောက်ပါဌာနများ၌ ကြေညာထားပါမည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန။

(ဂ) တက်ခွင့်ရသည့်သက်ဆိုင်ရာ သင်တန်းကျောင်းများ။

**မှတ်ချက်။ သင်တန်းစတင်ဖွင့်လှစ်ပြီး (၂)ပတ်အတွင်း သတင်းပို့တက်ရောက်ခြင်းမရှိက သင်တန်းတက်ခွင့် စာရင်းမှ ပယ်ဖျက်မည်ဖြစ်သည်။**

၇။ သင်တန်းတက်ခွင့်ရရှိပါက တက်ခွင့်ရသည့် သင်တန်းကျောင်းသို့ရောက်လျှင် သင်တန်းကျောင်း၏ ကျန်းမာရေးစစ်ဆေးရေးကော်မတီမှ ထပ်မံ ကျန်းမာရေးစစ်ဆေးခြင်း၊ အရပ်(၅)ပေပြည့်မီခြင်း ရှိ/ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး ဆေးစစ်ချက်အောင်မြင်မှသာ သင်တန်းတက်ခွင့် အတည်ပြုမည်ဖြစ်သည်။

၈။ အသေးစိတ်သိလိုပါက အောက်ပါ ဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန။

(ခ) နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။ (သူနာပြုဌာန)(ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉၊ လိုင်းခွဲ-၈၀၈၊ ၈၃၀)။

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

